မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည်အရာရာကို ပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းစုံသည်၊ မှန်သည်၊ မြန်သည် အားလုံးအတွက် မြဝတီ

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၃၁)

၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်
၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်၊ ကြာသပတေးနေ့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ခန်းဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nguyen Anh Duc၊ အာဆီယံရေးရာဌာန၊ အရှေ့တောင်အာရှ၊ တောင်အာရှနှင့် တောင်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူးချုပ် H.E. Mr. Nguyen Tat Thant နှင့်အဖွဲ့ဝင်များတက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ☆**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Le Hoai Trung လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

ယနေ့ မြဝတီ ဖတ်စရာ

**(၁၉) ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်အမှာစကားပြောကြား** စာ - ၁၆ သို့

**Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့် လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်** စာ - ၁၂ သို့

**ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားရေးဇာတိမာန်** ဆောင်းပါး စာ - ၁၅ သို့

# ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)၌ တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာမိုင် ၁၁/၆ မှ ၁၁/၆ + ၃၀၀ နေရာ၌ တိုးမြစ်၏ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ)တွင် ဩဂုတ်လ ၂၅ ရက်နေ့တွင် အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားမှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာခြေတွင် **စာမျက်နှာ ၇ ကော်လံ ၁ ➲**

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဩဂုတ် ၂၇ ရက်)

# ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ပို့ကုန်ကဏ္ဍမြှင့်တင်ရေး

ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းအနေဖြင့် စီးပွားရေးအားကောင်းမွန်မှုရှိစေရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရနိုင်သမျှသောစွမ်းအားများနှင့်အခွင့်အလမ်းများကိုအသုံးချပြီး စီးပွားရေးအားကောင်းမွန်အောင်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံအပေါ် အချို့နိုင်ငံများအနေဖြင့်စီးပွားရေးအရနှင့်နိုင်ငံရေးအရပိတ်ဆို့မှုများရှိနေသောကြောင့်ထိုက်သင့်သလောက်တိုးတက်မှုမရရှိဘဲ နှောင့်နှေးနေရခြင်းသာဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်ပြည်တွင်းကုန်ထုတ်လုပ်မှုများကိုတိုးတက်အောင် ဆောင်ရွက်ပြီး ပို့ကုန်ကဏ္ဍကိုမြှင့်တင်ကာ နိုင်ငံ့စီးပွားတိုးတက်ရေးကို မဖြစ်မနေလုပ်ဆောင်ရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းရှိကုန်ကြမ်းပစ္စည်းများကို အဓိကအသုံးပြုထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်ရမည်ဖြစ်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိလာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ **ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသည့်အတိုင်း ပြည်တွင်း၌ရှိသမျှသော စွမ်းအားများဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးကာ နိုင်ငံ့စီးပွားတိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်**သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း မိမိတို့နိုင်ငံတွင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ရေခံမြေခံကောင်းများ၊ အခြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။

နိုင်ငံတော်သမ္မတအနေဖြင့် ဩဂုတ်လအတွင်း ထိုင်းနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ အဆိုပါနိုင်ငံများမှအကြီးအကဲများ၏ ဖိတ်ကြားချက်များအရ သွားရောက်ခဲ့သည်။ ပထမဦးစွာ ထိုင်းနိုင်ငံသို့ သွားရောက်သည့်ခရီးစဉ်အတွင်း နှစ်နိုင်ငံနှင့်နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ ပိုမိုတိုးတက်ခိုင်မာလာစေရေးနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ၊ နယ်စပ်ဒေသလုံခြုံတည်ငြိမ်အေးချမ်းရေးနှင့်ကုန်သွယ်မှုမြှင့်တင်ရေးဆိုင်ရာများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးနိုင်ခဲ့သည်။ ထို့ပြင် ထိုင်းနိုင်ငံသို့အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများ၊ ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်၍လည်း ၎င်းတို့သည် မြန်မာနိုင်ငံသားများပင်ဖြစ်သည့်အတွက် ၎င်းတို့ဘေးကင်းလုံခြုံရေးနှင့် အလုပ်သမားအခွင့်အရေးများ အပြည့်အဝရရှိစေရေး၊ နှစ်နိုင်ငံဥပဒေများနှင့်အညီ အကာအကွယ်ပေးနိုင်ရေး ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့နှင့်တွေ့ဆုံစဉ် အလေးအနက်ထားထည့်သွင်းဆွေးနွေးနိုင်ခဲ့သည်။ ထို့အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့သို့ ခရီးစဉ်များတွင်လည်း ချစ်ကြည်ရင်းနှီးမှုနှင့် ကူးလူးဆက်ဆံမှုတိုးမြှင့်နိုင်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေး၊ ပညာရေးနှင့် လျှပ်စစ်စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ အာကာသနည်းပညာနှင့်ကာကွယ်ရေး၊ စက်မှုလက်မှုကဏ္ဍများအပါအဝင် နယ်ပယ်စုံ ကဏ္ဍစုံမှ အောင်မြင်သည့်ဆွေးနွေးမှုရလဒ်များ ထွက်ပေါ်လာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဩဂုတ်လ ၂၅ ရက်နေ့က ကျင်းပသည့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးတွင်အမှာစကားပြောကြားစဉ် **“မိမိတို့အနေဖြင့်နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် အိမ်နီးချင်းနိုင်ငံများ၏ ပထဝီနိုင်ငံရေးအရအရေးပါမှုနှင့် အဓိကကျသည့်ကုန်သွယ်ရေးအချက်အချာဆက်သွယ်ရေးလမ်းကြောင်းများကိုလည်းသိရှိထားကြရန်လိုကြောင်း၊ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ အားသာချက်များနှင့် မိမိတို့နိုင်ငံ၏အားသာချက်များကိုပေါင်းစပ်၍ နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဒေသတွင်းမိတ်ဖက်နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများသို့ချစ်ကြည်ရေးခရီးစဉ်များသွားရောက်ခြင်းအားဖြင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှု၊ ကူးလူးဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှုတို့တွင် ဘက်စုံကဏ္ဍစုံ၌ အားကောင်းခိုင်မာစေမည်ဖြစ်ပြီး မြင်တွေ့လေ့လာခဲ့ရသည့် ၎င်းတို့နိုင်ငံများ၏ အားသာချက်များ၊ ကောင်းမွန်သည့်အချက်များကို မိမိတို့အနေဖြင့်လေ့လာဆန်းစစ်အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း”** ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ပေးရန် အဓိကတာဝန်ရှိသည့်အတွက် နိုင်ငံ့စီးပွားနှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံရေးအရ အရေးယူပိတ်ဆို့မှုများ၊ စီးပွားရေးအရပိတ်ဆို့မှုများအကြားမှ အကောင်းဆုံးသောနည်းလမ်းများဖြင့် ကျော်လွှားဆောင်ရွက်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုထုတ်ကုန်များထုတ်လုပ်နိုင်ရန် အခွင့်အလမ်းများရှိနေပြီး အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင်းနိုင်ငံများ၌ ဈေးကွက်လိုအပ်ချက်များစွာရှိနေသည်။ အဆိုပါဈေးကွက်လိုအပ်ချက်ကိုပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်နိုင်ပါကနိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်လာပေမည်။ ပြည်ပမှထောက်ပံ့ငွေများ၊ ချေးငွေများကိုအားကိုးနေ၍ရမည်မဟုတ်ဘဲ အဓိကလိုအပ်နေသည်မှာ အမှန်တကယ်အလုပ်လုပ်ကြရန်နှင့် ပြည်ထောင်စုတိုင်းရင်းသားအားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် တည်ငြိမ်အေးချမ်းမှုကိုဖော်ဆောင်ပြီး ကုန်ထုတ်လုပ်မှုတိုးတက်ပြီး ပို့ကုန်ကဏ္ဍမြှင့်မားအောင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

( ဂ ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ပုလဲခတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချ

မိုးနဲ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ စီစဉ်မှုဖြင့် ပုလဲခတ်မြေဩဇာများကို မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးသည့်တောင်သူများအား ဈေးနှုန်းသက်သာစွာ ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအုပ်စုများရှိ မိုးစပါးစိုက်တောင်သူများအား ပုလဲခတ်မြေဩဇာရောင်းချပေးနေမှုအား ကြည့်ရှုအားပေးကြပြီး ဓာတ်မြေဩဇာများ အချိန်ကိုက်အသုံးပြုနိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး၊ နည်းစနစ်မှန်ကန်စွာ အသုံးပြုနိုင်ရေးတို့ကို မှာကြားကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## အခြေခံပညာအထက်တန်းကျောင်း(နောင်တရား)၌ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နောင်တရား ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နောင်တရားမြို့၌ ကျောင်းသား၊ ကျောင်းသူများ အားကစားစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်မှု တိုးတက်မြင့်မားစေရန်ရည်ရွယ်၍ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(နောင်တရား) အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးနွယ်က အားကစားပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အားကစားပြိုင်ပွဲအတွက် ဂုဏ်ပြုငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လေးနွယ်က လက်ခံရယူသည်။ အဆိုပါ ကျောင်းကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁၃ ရက်အထိ ပြိုင်ပွဲဝင်အသင်းပေါင်း ၃၁ သင်းဖြင့် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**နောင်တရား(ပြန်/ဆက်)**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၇-၈-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

Online Newspaper

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးရဲစိုးအောင်

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်သို့ နေ့စဉ်ဘုရားဖူး ၅၀၀၀ ခန့် လာရောက်ဖူးမြော်

ရန်ကုန် သြဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်ရှိ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်သို့ နေ့စဉ် ဘုရားဖူးထောင်နှင့်ချီလာရောက်ဖူးမြော်လျက်ရှိပြီး ပုံမှန်ရက်များတွင် ဘုရားဖူးဦးရေ ၅၀၀၀ ခန့်နှင့် အခါကြီးရက်ကြီးများတွင် ၁၀၀၀၀ ခန့်အထိ ရှိကြောင်း စေတီတော်ဂေါပကအဖွဲ့ရုံးမှ သိရသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်သို့ ပွင့်လင်းရာသီတွင် ဘုရားဖူးဝင်ရောက်မှုပိုမိုများပြားလေ့ရှိပြီး လက်ရှိမိုးရာသီတွင်လည်း နေ့စဉ် ဘုရားဖူးထောင်နှင့်ချီ လာရောက်လျက်ရှိသည်။

"ဘုရားဖူးက ခန့်မှန်းအနေနဲ့ တစ်ရက်ကို ပုံမှန် ၅၀၀၀ လောက် လာရောက်မှုရှိပါတယ်။ အခါကြီးရက်ကြီးတွေမှာ တစ်ရက်ကို ၇၅၀၀၊ ၁၀၀၀၀ လောက်အထိ လာရောက်မှုရှိပါတယ်။ သင်္ကြန်ပိုင်းတွေအတွက် သွားလာရေးလွယ်ကူတဲ့အပြင် ဝါတွင်းကာလမှာလည်း သီလပေးတရားပွဲတွေကျင်းပပေးနေတော့ မိုးရာသီမှာတောင် နေ့စဉ်ဘုရားဖူးထောင်နဲ့ချီပြီးလာရောက်ကြပါတယ်" ဟု ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် အလှည့်ကျသဘာပတိ ဦးစိန်သန်းကပြောသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်တွင် မိုးရာသီကာလဘုရားဖူးများ အဆင်ပြေစွာဖူးမြော်နိုင်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းမှုဖြင့် စေတီတော်အတွင်း ရွှေလျားအမိုးများကို ပြင်ဆင်ထားရှိသည့်အပြင် နံနက် ၅ နာရီမှ ည ၉ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း၊ ဘုရားဖူးဧည့်သည်ဝင်ရောက်မှုအနေဖြင့် ဇူလိုင်လက ပြည်တွင်းဘုရားဖူး ၂၁၇၃၅၇ ဦးနှင့် နိုင်ငံခြားသားဘုရားဖူး ၁၄၈၈ ဦးရှိပြီး ထိုင်းနိုင်ငံမှ အများဆုံးလာရောက်ကြကြောင်း သိရသည်။

လင်းခန့်



# လက်ဆွဲကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါးမျိုး ကွင်းသရုပ်ပြစိုက်ပျိုး

မင်းဘူး သြဂုတ် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစိုက်ပျိုးရာသီတွင် လက်ဆွဲကောက်စိုက်စက်ဖြင့် အောင်နိုင်တိုးစပါးမျိုးအား တောင်သူအသိပညာပေး ကွင်းသရုပ်ပြစိုက်ပျိုးခြင်းကို သြဂုတ်လ ၂၅ ရက်က ရွာသာယာကျေးရွာရှိ တောင်သူဦးသန်းဝင်း၏လယ်မြေ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း၍ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းဧရိယာ ရွာသာယာကျေးရွာ ကွင်းအမှတ်(၁၄၁၃)ရှိ တောင်သူဦးသန်းဝင်း၏လယ်မြေ ၁ ဒသမ ၅ ဧကအတွင်း အောင်နိုင်တိုးစပါးမျိုးအား တန်းကြားအကွာအဝေးဖြင့် လက်ဆွဲကောက်စိုက်စက် အသုံးပြု၍ တောင်သူအသိပညာပေး လက်တွေ့ကွင်းသရုပ်ပြစိုက်ပျိုးကြသည်။

အဆိုပါကွင်းသရုပ်ပြစိုက်ပျိုးနေမှုကို မင်းဘူးခရိုင် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေးကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဒေသခံတောင်သူများ၏ မိုးစပါးစိုက်ပျိုးထားရှိမှုအခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် သြဂုတ် ၂၆

ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို သြဂုတ်လ ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရဲရင့်စိုးညွှန့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာသွယ်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်စံထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုဆိုင်ရာ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စိတ်ကြိုက်ပန်းချီပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲ၊ ခွက်စီပြိုင်ပွဲ၊ ဘယ်ခြေညာလက်ပြိုင်ပွဲ၊ ပူဖောင်းဖိပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ ခါးလှည့်ကွင်းပြိုင်ပွဲ၊ စာအုပ်ပြပွဲနှင့် ဓာတ်ပုံပြပွဲများ၊ မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုအားပေးကြပြီး အမှတ်တရလက်ဆောင်များပေးအပ်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက အမှာစကားများပြောကြားပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေ၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေး စသည့် ခေါင်းစဉ်များဖြင့် ပါဝင်ဆွေးနွေးကြသည်။ ယင်းနောက် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# သက်တမ်းလွန်ဆေးဝါးများ မှတ်ပုံတင်မပါသည့်ဆေးဝါးများနှင့် စံမညီဆေးဝါးများ စစ်ဆေးတွေ့ရှိပါက ဆေးဝါးရောင်းချခွင့်လိုင်စင်အပြီးပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်နေ

ရန်ကုန် သြဂုတ် ၂၆

ဆေးဆိုင်များတွင် သက်တမ်းလွန်ဆေးဝါးများ၊ မှတ်ပုံတင်မပါသည့်ဆေးဝါးများနှင့် စံမညီဆေးဝါးများ စစ်ဆေးတွေ့ရှိပါက ဆေးဝါးရောင်းချခွင့်လိုင်စင်အပြီးပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဗိုလ်ဌေး၏ပြောကြားချက်အရ သိရသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အစားအသောက်၊ ဆေးဝါး၊ ဆေးပစ္စည်းနှင့် အလှကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် ဈေးကွက်မတင်မီနှင့် ဈေးကွက်တင်ပြီးစစ်ဆေးခြင်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

"ဆေးဆိုင်တွေကိုစစ်ဆေးရာမှာ စည်းကမ်းဖောက်ဖျက်ကြောင်း တွေ့ရှိပါက တွေ့ရှိရတဲ့သက်တမ်းလွန်ဆေးဝါးများ၊ မှတ်ပုံတင်မပါရှိသည့်ဆေးဝါးများ၊ စံမညီဆေးဝါးများကို သိမ်းဆည်းဖျက်ဆီးစေပြီး ပထမအကြိမ်စစ်ဆေးတွေ့ရှိပါက ဆေးဝါးရောင်းချခွင့်လိုင်စင်သုံးလပိတ်သိမ်းခြင်း၊ ဒုတိယအကြိမ်စစ်ဆေးတွေ့ရှိပါက ခြောက်လပိတ်သိမ်းခြင်း၊ တတိယအကြိမ်စစ်ဆေးတွေ့ရှိပါက ဆေးဝါးရောင်းချခွင့်လိုင်စင်အပြီးပိတ်သိမ်းခြင်း ဆောင်ရွက်ပြီး တရားစွဲဆိုအရေးယူတာတွေလုပ်ဆောင်နေပါတယ်။ တွေ့ရှိရတဲ့ဆေးဝါးမှာ ဆေးဝါးအတုဖြစ်ပါက အမျိုးသားဆေးဝါးဥပဒေအရ တရားစွဲအရေးယူခြင်းကို တိုင်းဒေသကြီးအစားအသောက်နှင့်ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီရဲ့ ဆုံးဖြတ်ချက်နဲ့အညီ အရေးယူဆောင်ရွက်နေပါတယ်"ဟု ဦးဗိုလ်ဌေးကပြောသည်။

အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ဈေးကွက်အတွင်းရှိဆေးဝါးများ အရည်အသွေးပုံမှန်စစ်ဆေးနိုင်ရန် ဈေးကွက်ထောက်လှမ်းခြင်းစီမံချက်များအတိုင်း ရှောင်တခင်ကွင်းဆင်းဝယ်ယူ၍ ဆေးဝါးများကိုဓာတ်ခွဲစစ်ဆေးလျက်ရှိကြောင်း၊ စံမညီဆေးဝါးဖြစ်ပါက ထိုဆေးကို ဈေးကွက်မှ ပြန်လည်သိမ်းဆည်းစေရန် သက်ဆိုင်ရာကုမ္ပဏီသို့အကြောင်းကြားပြီး တခြားဆေးဆိုင်များတွင် ရောင်းချမှုမရှိစေရန် အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆေးဝါးများဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးပြည့်မီရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာနတို့မှ သက်ဆိုင်ရာမြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့်အတူ စစ်ဆေးမှုများ လစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝန်းရံခ



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားများက ရှေ့တန်းပြန်နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအားညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး ၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

အလားတူ အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲကို ကချင်ပြည်နယ်၊ တနိုင်းမြို့ရှိနယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအလှများဖြင့်လည်းကောင်း သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ သွားရောက်လေ့လာ






ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဩဂုတ် ၂၆


နိုင်ငံတော် အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များ နိုင်ငံတော်၏ သမိုင်းနှင့် တပ်မတော်၏သမိုင်းကြောင်းများကိုသိရှိပြီး အသိပညာဗဟုသုတများစွာ ရရှိစေရန်၊ တပ်မတော်၏လုပ်ငန်းဆောင်ရွက်ချက်များ၊ တပ်မတော်တည်ဆောက်မှုများ၊ တီထွင်ဆန်းသစ်မှုများကို ကြည့်ရှုလေ့လာပြီး အနာဂတ်ရည်မှန်းချက်များ ပေါ်ထွက်လာစေရန်၊ တပ်မတော်အကြီးအကဲများ၏ နိုင်ငံတော်နှင့်တပ်မတော်အပေါ်ထားရှိသော စေတနာနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် ရည်မှန်းချက်များကိုသိရှိစေရန်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေပြီး အားကျအတုယူလိုသည့်စိတ်များဖြစ်ပေါ်လာစေရန်၊ ကျောင်းသား၊ ကျောင်းသူတစ်ဦးချင်းစီ၏ ပြင်ပလေ့လာမှတ်သားနားလည်မှု စွမ်းရည်တိုးတက်လာပြီး ပတ်ဝန်းကျင်ရှုခင်းများကြည့်ရှုခြင်းအားဖြင့် စိတ်ကြည်လင်လန်းဆန်းမှုရရှိစေပြီး သင်ကြားမှု၊ သင်ယူမှုများ ပိုမိုအားကောင်းလာစေရန် ရည်ရွယ်၍ ကျောင်းသား၊ ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ ဇေယျာသီရိမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)အတွင်းရှိ ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော်သမိုင်းမှတ်တမ်းရုပ်ရှင် ကြည့်ရှုကြသည်။

ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်သမိုင်း၊ ရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို လိုက်လံရှင်းလင်းပြောကြားရာ စစ်သမိုင်းပြတိုက်အတွင်းရှိ ရှေးမြန်မာမင်းများ အသုံးပြုသည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများ၏ စစ်အင်္ကျီလေးပါးဖြင့် စစ်ထွက်တော်မူပုံပြသထားရှိမှုများ၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံးပစ္စည်းများနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တပ်မတော်(ရေ)ပြခန်းတွင် မြန်မာနိုင်ငံအတွင်းရှိ ပင်လယ်ပြင်ဧရိယာအကျယ်အဝန်းနှင့် ရေပိုင်နက်နယ်နိမိတ်ပြကွက်၊ ရှေးခေတ်မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ်မှတ်တမ်းဓာတ်ပုံများ၊ ခေတ်အဆက်ဆက်တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်ပုံစံငယ်များကိုလည်းကောင်း၊ တပ်မတော် (လေ) ပြခန်းတွင် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့သော ကာကွယ်ရေးဦးစီးချုပ်(လေ)များ၏ ဓာတ်ပုံမှတ်တမ်းများ၊ တပ်မတော်(လေ)၏ဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုဓာတ်ပုံမှတ်တမ်းများ၊ လေသူရဲကောင်းများမွေးထုတ်ပုံအဆင့်ဆင့် ဓာတ်ပုံမှတ်တမ်းများအပြင် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ပြင်ပပြကွက်များအနေဖြင့် တပ်မတော်(ကြည်း) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသောရှေးခေတ်ကြေးသွန်းအမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်နှင့်သံချပ်ကာများ၊ တပ်မတော်(ရေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများနှင့် တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက်အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များကို စိတ်ပါဝင်စားစွာလေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။





ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ဆုအဖြစ် အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

လေ့လာရေး သွားရောက်ခဲ့သည့် ကျောင်းသားများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါတယ်-

“ကျွန်တော်တို့အနေနဲ့ တပ်မတော်စစ်သမိုင်းပြတိုက်ကိုလာရောက်လေ့လာတဲ့အတွက်ဗဟုသုတတွေအများကြီးရပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်ရဲ့ သမိုင်းကြောင်းတွေကို များစွာသိရှိရပါတယ်။ မြန်မာ့တပ်မတော်ပေါ်ပေါက်လာပုံကို ရုပ်ရှင်ပြသပေးတာကိုလည်း ကြည့်ရှုရတဲ့အတွက် မျက်ရည်ကျတဲ့အထိကို တော်တော်လေးကောင်းတာကိုတွေ့ရပါတယ်၊ ဝမ်းနည်းစရာလည်းကောင်းသလို ဂုဏ်ယူစရာလည်းကောင်းပါတယ်။ ဒီမှာက လေ့လာစရာတွေအများကြီးရှိတယ်။ ကြည်း၊ ရေ၊ လေဆိုပြီး အဆောင်အလိုက်ခွဲထားပါတယ်၊ အဲ့ဒီထဲက မှကျွန်တော်အကြိုက်ဆုံးဆိုရင် လေတပ်ကို ကြိုက်ပါတယ်”ဟုပြောသည်။

“ ကျွန်တော်တို့ တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာတဲ့အခါမှာ တပ်မတော်(လေ)ကို အရင်ဆုံးသွားရောက်လေ့လာခဲ့ပါတယ်။ လေယာဉ်တွေကို တည်ဆောက်တဲ့အခါမှာ အင်ဂျင်တွေကို အသုံးပြုရတဲ့အပိုင်းတွေကိုလည်း မြင်တွေ့ရတဲ့အတွက် ဗဟုသုတများစွာရရှိခဲ့ပါတယ်၊




တပ်မတော်(ရေ)ပြကွက်များကိုလည်းသွားရောက်လေ့လာခဲ့ပါတယ်။ အဲ့ဒီမှာ မြန်မာနိုင်ငံရဲ့ ပင်လယ်ရေပိုင်နက်တွေ၊ မြန်မာနိုင်ငံမှာ အင်္ဂလိပ်တွေကိုတိုက်ထုတ်ခဲ့တဲ့ ပထမဦးဆုံးသောလက်နက်ကိုလည်း လေ့လာခဲ့ရပါတယ်။ အဲ့ဒါတွေအတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လေ့လာခဲ့ရတာတွေက ကျောင်းမှာဆိုရင်လည်း သင်ခန်းစာတွေအတွက်အလွန်ကိုမှအသုံးဝင်ပါတယ်၊ Grade-9 သမိုင်းဘာသာမှာသင်ခဲ့ရတဲ့ သင်ခန်းစာတွေမှာ ရဲဘော်သုံးကျိပ်၊ ဘီအိုင်အေ စသည်ဖြင့်သင်ခဲ့ရတာတွေကို ဒီစစ်သမိုင်းပြတိုက်မှာ သေသေချာချာ လေ့လာခဲ့ရပါတယ်။ ကျောင်းမှာတော့ စာတွေ့ပဲသင်ရတာဖြစ်ပြီး ဒီမှာက လက်တွေ့လေ့လာလို့ရတဲ့အတွက် များစွာအထောက်အကူဖြစ်ပါတယ်။ ယခုလို တပ်မတော်စစ်သမိုင်းပြတိုက်ကို လာရောက်လေ့လာခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးတဲ့ သက်ဆိုင်ရာ တာဝန်ရှိလူကြီးများကို ကျေးဇူးတင်ပါတယ်”ဟုပြောသည်။ (၁၀၀)

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လိုပါတယ်။ စည်းကမ်းရှိဖို့လည်းလိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်းမရှိပါဘူး။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏မေးမြန်းမှုများဖြေကြားချက်မှ ကောက်နုတ်ချက်)**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Le Hoai Trung အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

★ **ရှေ့ဖုံးမှအဆက်**

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်သမ္မတက ယခုကဲ့သို့ မိမိတို့အစိုးရအဖွဲ့ နိုင်ငံတော်တာဝန်ထမ်းဆောင်ချိန်တွင် ဗီယက်နမ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့ခြင်းအပေါ် မိမိတို့အနေဖြင့်ဝမ်းမြောက်ကြောင်း၊ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအနေဖြင့် သံတမန်ဆက်ဆံမှုများရှည်ကြာခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် သံတမန်ဆက်ဆံမှုနှစ် ၅၀ ပြည့်မြောက်ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ဘာသာသရေးအရ၊ ယဉ်ကျေးမှုအရ တူညီမှုများစွာရှိသကဲ့သို့ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်းများလည်း တူညီကြကြောင်း၊ အလားတူ ခေတ်အဆက်ဆက်တွင် နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်ခဲ့သကဲ့သို့ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလည်း ကောင်းမွန်လျက်ရှိကြောင်း၊ ယခုကဲ့သို့အဆွေတော်အနေဖြင့် မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သည့်အတွက် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးက ယခုကဲ့သို့ မိမိဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ **မိမိအနေဖြင့် မိမိတို့ဗီယက်နမ်နိုင်ငံသမ္မတနှင့် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာ တိုလမ်က အဆွေတော်သမ္မတကြီးအား ဗီယက်နမ်နိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ် လာရောက်ရန်ဖိတ်ကြားမှုနှင့် အဆွေတော်သမ္မတကြီးလာရောက်မည့် ခရီးစဉ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိမှုကို သတင်းစကားပါးရန် စေလွှတ်ချက်အရ ယခုကဲ့သို့ လာရောက်ဂါရဝပြုတွေ့ဆုံခြင်းဖြစ်**ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံခြားရေးဝန်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ချိန်တွင် ပြည်ပနိုင်ငံသို့သွားရောက်သည့် ပထမဆုံးခရီးစဉ်သည် မြန်မာနိုင်ငံဖြစ်သည့်အတွက်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအနေဖြင့် သမိုင်းကြောင်းအဆက်ဆက်တွင် ချစ်ကြည်ရင်းနှီးမှုများကို နှစ်နိုင်ငံခေါင်းဆောင်များက တည်ဆောက်ခဲ့ကြပြီး ယခုတိုင်ကောင်းမွန်ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုများ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ယခုအဆွေတော်သမ္မတကြီး လာရောက်မည့်ဗီယက်နမ်နိုင်ငံသို့တရားဝင် ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာတည်ဆောက်ခဲ့သည့် ခိုင်မာသည့် ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်နိုင်ငံဘုံအကျိုးစီးပွားအတွက် စာမျက်နှာသစ်၊ ကဏ္ဍသစ်ကို ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ပိုမိုတိုးတက်ခိုင်မာအောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် နယ်မြေပိုင်ဆိုင်မှု၊ လွတ်လပ်စွာဆုံးဖြတ်ပိုင်ခွင့်များကို လေးစားတန်ဖိုးထားပါကြောင်း၊ အဆွေတော်အနေဖြင့် မိမိတို့ဗီယက်နမ်နိုင်ငံအပေါ် ယုံကြည်စိတ်ချရသည့် မိတ်ဆွေနိုင်ငံအဖြစ် မှတ်ယူဆောင်ရွက်နိုင်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ တပ်မတော်အချင်းချင်းနှင့် ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ စီးပွားရေးအရ နယ်ပယ်သစ်များတိုးချဲ့ရန်နှင့် နှစ်နိုင်ငံကုန်သွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း အကောင်းဆုံး ပူးပေါင်းဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတကာဆက်ဆံရေးများတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိမှု၊ ဗီယက်နမ်နိုင်ငံတွင်ကျင်းပပြုလုပ်မည့်ကမ္ဘောဒီးယား-လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (CLMV) ထိပ်သီးအစည်းအဝေးနှင့်ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (ACMECS)ထိပ်သီးအစည်းအဝေးတို့တွင် မြန်မာနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ထောက်ခံအားပေးသွားမည်ဖြစ်ပြီး ယုံကြည်စိတ်ချရသည့် မိတ်ဆွေကောင်းနိုင်ငံများအဖြစ် ဆက်လက်ရပ်တည်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## အောင်ဇေယျမြို့သစ်၊ အမှတ်(၁)အောင်ဇေယျစစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များအား စားသောက်ဖွယ်ရာများပေးအပ်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး၊ အောင်ဇေယျမြို့သစ်၊ အမှတ်(၁)အောင်ဇေယျစစ်မှုထမ်းဟောင်းအိမ်ရာရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့ နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့်အဖွဲ့ဝင်များက အဆိုပါအိမ်ရာရှိ အောင်ဇေယျခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင်များ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍တိုင်းစစ်ဌာနချုပ်နယ်လှည့်ဆေးကုသရေးအဖွဲ့က အောင်ဇေယျမြို့သစ်၊ အရိယမဂ္ဂဓမ္မာရုံ၌အခြေပြု၍ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူ စုစုပေါင်း ၉၆ ဦးအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်စဉ်။


▲ **ကျောဖုံးမှအဆက်**

နိုင်ခဲ့မှုနှင့် မြန်မာနိုင်ငံ၏ပြောင်းလဲတိုးတက်မှုအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေး၊ ငြိမ်းချမ်းရေး၊ စီးပွားရေးနှင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအပြင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ဒုတိယဝန်ကြီး ဦးခင်လတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးနှင့်အတူ ဆော်ဒီအာရေဗျနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

## မိုးလေဝသ သတင်း




| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| မြင်းမူ | ၃၈.၇°C |
| ညောင်ဦး | ၃၇°C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၃၇°C |
| မုံရွာ | ၃၇°C |
| ချောက် | ၃၆.၆°C |
| မကွေး | ၃၆.၆°C |
| စစ်ကိုင်း | ၃၆.၆°C |
| ကလေးဝ | ၃၆.၅°C |
| မန္တလေး | ၃၆°C |
| မင်းကင်း | ၃၆°C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မုဒုံ | (၅.၅၅)လက်မ |
| ထားဝယ် | (၅.၁၂)လက်မ |
| ကျိုက်မရော | (၄.၂၁)လက်မ |
| မော်လမြိုင်ကျွန်း | (၄.၁၃)လက်မ |
| ဟိုင်းကြီးကျွန်း | (၄.၀၉)လက်မ |
| လှည်းကူး | (၄.၀၂)လက်မ |
| လပွတ္တာ | (၃.၈၉)လက်မ |
| ဘီးလင်း | (၃.၈၂)လက်မ |
| ချောင်းဆုံ | (၃.၆၂)လက်မ |
| ရေး | (၃.၅၈)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၁ |
| ရှမ်း(မြောက်) | ၂၀ | ၂၉ |
| ရှမ်း(အရှေ့) | ၂၂ | ၃၁ |
| ရှမ်း(တောင်) | ၂၀ | ၂၅ |
| ချင်း | ၁၅ | ၂၄ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၂ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၃ |
| နေပြည်တော် | ၂၅ | ၃၂ |
| မန္တလေး | ၂၆ | ၃၃ |
| မကွေး | ၂၅ | ၃၄ |
| ရခိုင် | ၂၅ | ၃၀ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၄ | ၃၂ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၃ | ၃၁ |
| ကရင် | ၂၂ | ၂၈ |
| မွန် | ၂၄ | ၂၈ |
| တနင်္သာရီ | ၂၄ | ၃၂ |

# အစေ့ထုတ်ပြောင်း ၁၃၁၄ ဧက လျာထားစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၆

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၃၁၄ ဧကလျာထားစိုက်ပျိုးပြီး ယမန်နေ့ထိ ၉၈၅ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ဧကများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ပြောင်းစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းစေရေးကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဖောင်မြှောင်တောင်ပိုးကျရောက်မှုကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး၊ စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသိပညာပေးလျက်ရှိပြီး အစေ့ထုတ်ပြောင်းသီးနှံကို တောင်သူများ သီးသန့်စိုက်ပျိုးကြသည့်အပြင် သီးညှပ်လည်းစိုက်ပျိုးကြကြောင်း၊ အစေ့ထုတ်ပြောင်းသီးနှံသည် ကုန်ကျစရိတ်သက်သာကြောင်းနှင့် ပြောင်းရိုးများကိုကျွဲ၊ နွားစာအဖြစ် အသုံးပြုရသည့်အတွက် စိုက်ပျိုးကြကြောင်း သိရသည်။ (၄၀၂)

# ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ လက်ခံတွေ့ဆုံ



နေပြည်တော် ဩဂုတ် ၂၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ဗီယက်နမ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့နှစ်နိုင်ငံသည် တရားဝင်သံတမန်ဆက်ဆံရေးကို ၁၉၇၅ ခုနှစ် မေလမှစ၍ထူထောင်ခဲ့ကြသဖြင့်ယခုဆိုလျှင် ၅၁ နှစ်ထဲသို့ ရောက်ရှိပြီဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ချစ်ကြည်ရင်းနှီးစွာဖြင့် ကာလရှည်ကြာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် မိတ်ဆွေနိုင်ငံများဖြစ်ကြပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား စီးပွားရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများတွင်လည်း ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို မိမိတို့အနေဖြင့်ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါကြောင်း၊ ထိုကဲ့သို့ ဗီယက်နမ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအထောက်အပံ့ပြုသည့် Doi Moi Plan (2.0) နှင့်ပတ်သက်၍လည်း ထဲထဲဝင်ဝင်လေ့လာလိုပါကြောင်း၊ ထို့ပြင် ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်တွင် မြန်မာ-ဗီယက်နမ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်နှစ်ရပ်အကြား လွှတ်တော်အချင်းချင်းထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်းဆက်ဆံရေး၊ လူငယ်၊ အမျိုးသမီးနှင့်နည်းပညာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့-AIPO စတင်ဖွဲ့စည်းစဉ်ကတည်းက ပါဝင်ခဲ့ပြီး ယခုအာဆီယံပါလီမန်များညီလာခံ-AIPA တွင်လည်း အဖွဲ့ဝင်အဖြစ်ဆက်လက်တည်ရှိပါကြောင်း၊ အလားတူပင်နိုင်ငံတကာပါလီမန်များအဖွဲ့-IPU တွင်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာမျက်နှာစာနှင့် အာဆီယံပါလီမန်များညီလာခံ၊ နိုင်ငံတကာပါလီမန်များအဖွဲ့တွင် ဗီယက်နမ်အမျိုးသားလွှတ်တော်နှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိပါကြောင်း၊ ဗီယက်နမ်နိုင်ငံ ကွန်မြူနစ်ပါတီသည် နိုင်ငံပေါင်းများစွာနှင့် ကောင်းမွန်သည့် ဆက်ဆံရေးရှိသည်ကို သိရှိပါကြောင်း၊ မိမိတို့ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့်လည်း ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန်ဆန္ဒရှိပါကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက မိမိတို့နှစ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးသည့် သံတမန်ဆက်ဆံရေးသည် ကြာမြင့်သည့်ကာလတစ်ခုသို့ရောက်ရှိပြီဖြစ်ပါကြောင်း၊ သံတမန်ဆက်ဆံရေး ကြာမြင့်လာသည်နှင့်အမျှ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း၊ လွှတ်တော်အချင်းချင်းလည်း ချစ်ကြည်ရင်းနှီးရန် ဆက်လက်ကြိုးပမ်းမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားလိုက်နာကာ ဆယ်စုနှစ်များစွာလက်တွဲဆောင်ရွက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ပကတိအခြေအနေများကိုလည်း နားလည်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး အစိုးရနှင့်လွှတ်တော်များ ဖွဲ့စည်းပေါ်ပေါက်လာမှုအပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခက်အခဲများစွာကိုဖြတ်ကျော်ပြီး ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် အစီအမံများကိုလည်း မျှဝေသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိဗီယက်နမ်နိုင်ငံသားများကိုလည်း ကူညီစောင့်ရှောက်စေလိုပါကြောင်း၊ ထို့ပြင် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်းပြီး လူငယ်၊ အမျိုးသမီး၊ နည်းပညာ စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှလည်း အဆွေတော်ကို နှုတ်ခွန်းဆက်သသည်ကို အသိပေးလိုပါကြောင်း၊ လွှတ်တော်ချင်းပူးပေါင်းဆောင်ရွက်ရေးအတွက်လည်း နောင်တွင် ဖိတ်ကြားတွေ့ဆုံသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာမျက်နှာစာတွင်မြန်မာနိုင်ငံအပေါ် အစဉ်အမြဲထောက်ခံသွားမည်ဖြစ်ပြီး အာဆီယံပါလီမန်များညီလာခံနှင့် နိုင်ငံတကာပါလီမန်များအဖွဲ့တွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးတေဇကျော်၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဒေါက်တာပွင့်ဆန်း၊ ပြည်သူ့လွှတ်တော် မြန်မာ-ဗီယက်နမ်လွှတ်တော်ချင်းချစ်ကြည်ရင်းနှီးရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်မြင့်သန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းအေးနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီး H.E. Mr. Nguyen Anh Duc နှင့် ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ မြဝတီ

# စစ်တောင်းမြစ်ရေနှင့် သံလွင်မြစ်ရေစိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၆

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၂ပေ ၁၁ လက်မခန့် ကျော်လွန်ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၂ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယနေ့ညနေ ၄ နာရီခွဲအချိန်တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ၁ ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နယ်နှင့်ဘားအံမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

၁ ရှေ့ဖုံးမှအဆက်

တုတ်တန်းရိုက် သဲအိတ်ဖြည့်ခြင်း၊ သဲအိတ်ဖြင့် တာခြေထောက်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တာကိုယ်ထည် တိုက်စားမှုဖြစ်ပေါ်ခဲ့သည့်နေရာ၏ အနောက်ဘက် ပေ (၂၀၀) ခန့်အကွာတွင် အလျား(၇၀၀)ပေ၊ အမြင့် (၁၀) ပေ ယာယီတာပတ်ခြင်း (Ring Bund) လုပ်ငန်းများကိုစက်ယန္တရားများ အသုံးပြု၍ ဆောင်ရွက်ခြင်း၊ တာခြေထောက်ခြင်း၊ မြစ်ကမ်းထိန်းတာအားပြင်ဆင်ခြင်း၊ ယာယီပန်းတာတည်ဆောက်ခြင်း၊ မြစ်ရေအရှိန်လျော့ကျစေရေးအတွက် ရေထိန်းဝါးဖောင်များပြုလုပ်ခြင်းများကို အင်တိုက်အားတိုက်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ မြစ်ကမ်းပြိုမှုကြောင့် ရေကြီးရေလျှံမှုမဖြစ်စေရေး ကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစဉ်။





နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများပူးပေါင်း၍ ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)၌ တာကိုယ်ထည်တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်။









နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ)၌ တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်စဉ်။

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၄ နာရီ ၀၅ မိနစ် ၄၅ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၃၉ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(စဉ့်ကူးမြို့၏ အနောက်မြောက်ဘက် ၃ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၅၆ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၉၄ ဒီဂရီ၊ အနက် ၃၅ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၀ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

အလားတူ ယနေ့နံနက် ၅ နာရီ ၀၂ မိနစ် ၂၇ စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ မြောက်ဘက် မိုင် ၃၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(စဉ့်ကူးမြို့၏ အရှေ့တောင်ဘက် ၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၄၅ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၉၆ ဒသမ ၀၇ ဒီဂရီ၊ အနက် ၁၄ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈ (M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)

# အရွယ်တင်နုပျိုပြီး အိုမင်းမှုကိုနှေးကွေးစေရေး သကြားလျှော့စားကြပါစို့

အိုမင်းခြင်းကို လုံးဝရပ်တန့်ထားနိုင်သည့် ဆေးဝါးမရှိသကဲ့သို့ ထာဝရနုပျိုနေစေမည့် လျှို့ဝှက်နည်းလမ်းလည်းမရှိပါ။ သို့သော် အိုမင်းရင့်ရော်မှုကို အားပေးနေသော နေ့စဉ်အလေ့အထတချို့ကို ပြုပြင်နိုင်သည်။ ဆေးလိပ်မသောက်ခြင်း၊ အရေပြားကို နေရောင်ခြည်ဒဏ်မှကာကွယ်ခြင်း၊ လုံလောက်စွာအိပ်စက်ခြင်း၊ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းတို့ကို အရွယ်တင်နုပျိုရေးအတွက် လူအများသိကြသော်လည်း သတိမထားမိကြသေးသည့်အချက်တစ်ခုမှာ သကြားလျှော့စားခြင်းဖြစ်သည်။

သကြားစားသုံးခြင်းနှင့်ပတ်သက်ပြီး ခန္ဓာကိုယ်အတွင်းဖြစ်ပေါ်သည့်ဖြစ်စဉ်တစ်ခုကို သိထားသင့်သည်။ ခန္ဓာကိုယ်အတွင်း သကြားဓာတ်များသည် Protein များနှင့် ဓာတ်ပြုတွယ်ကပ်သည့်အခါ နောက်ဆုံးတွင် Advanced Glycation End Products (AGEs)ဟုခေါ်သောဒြပ်ပေါင်းများ ဖြစ်ပေါ်လာနိုင်သည်။ ယင်းသည် အိုမင်းခြင်းနှင့်ဆက်စပ်သော ဇီဝဖြစ်စဉ်များတွင် အမှန်တကယ်အရေးပါသည့် ဒြပ်ပေါင်းများဖြစ်ကြသည်။

အထူးသဖြင့် အသားအရေအိုမင်းခြင်းတွင် AGEs များ၏အခန်းကဏ္ဍကို သုတေသီများက စိတ်ဝင်စားစွာလေ့လာနေကြသည်။ လူ့အရေပြားတင်းရင်းနုပျိုစေရန် Collagen နှင့်Elastin တို့က အရေးကြီးသည်။ Collagen ကို အရေပြားအောက်မှပံ့ပိုးထားသော အဆောက်အအုံ၏တိုင်များနှင့် နှိုင်းယှဉ်နိုင်သည်။ ထိုတိုင်များ အားကောင်းနေသရွေ့ အရေပြားသည် တင်းရင်းချောမွေ့နေမည်ဖြစ်သည်။ Collagen များပျက်စီးလာပြီး အသစ်ပြန်လည်ဖြစ်ပေါ်မှု လျော့နည်းလာသည့်အခါ အရေပြား၏တင်းရင်းမှုနှင့် ပျော့ပျောင်းမှုလျော့နည်းလာကာ အရေးအကြောင်းများ ပေါ်လာတတ်သည်။

Glycation ဖြစ်စဉ်ကြောင့် Collagen ကဲ့သို့သော သက်တမ်းရှည် Protein များ၏ ဖွဲ့စည်းပုံပြောင်းလဲလာနိုင်သည်။ Glycated Collagen သည် ပုံမှန် Collagen ကဲ့သို့ ပျော့ပျောင်း၍ လုပ်ငန်းကောင်းစွာမဆောင်ရွက်နိုင်တော့ဘဲ ပိုမိုတောင့်တင်းလာနိုင်သည်။ Collagen အဟောင်းများကိုဖယ်ရှား၍ အသစ်ဖြင့် အစားထိုးသည့်လုပ်ငန်းစဉ်ကိုလည်း ထိခိုက်စေနိုင်သည်။ ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ အသားအရေ၏ပျော့ပျောင်းတင်းရင်းနိုင်စွမ်း လျော့နည်းလာပြီး အရေးအကြောင်းများ ပိုမိုထင်ရှားလာနိုင်သည်။

AGEs များ၏အကျိုးသက်ရောက်မှုသည် ထိုမျှနှင့်မပြီးသေးပါ။ ခန္ဓာကိုယ်တွင် RAGE (Receptor for Advanced Glycation End Products) ဟုခေါ်သည့် Receptor များရှိသည်။ AGEs များသည် RAGE များနှင့် အပြန်အလှန်တုံ့ပြန်သောအခါ Oxidative Stress (ဓာတ်တိုးဖိစီးမှု)နှင့် Inflammation (ရောင်ရမ်းမှု) ဆိုင်ရာဖြစ်စဉ်များကို လှုံ့ဆော်နိုင်သည်။ လူ့အရေပြား၏ Dermis အလွှာတွင်လည်း RAGE များရှိသောကြောင့် AGEs စုဆောင်းမှုနှင့် ယင်းတို့၏သက်ရောက်မှုသည် အရေပြားအိုမင်းခြင်းနှင့် ဆက်စပ်လာနိုင်သည်။

**"သကြားလျှော့စားခြင်းသည် အရေးကြီးသော်လည်း အရွယ်တင်နုပျိုရေးအတွက် ယင်းတစ်ခုတည်း မလုံလောက်ပါ။ ဆေးလိပ်မသောက်ခြင်းသည်လည်း အရေးကြီးသည်။ နေရောင်ခြည်၏ ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အလွန်အကျွံမခံရအောင် ကာကွယ်ခြင်းသည် အရေပြားအိုမင်းမှုကို နှေးကွေးစေရေးအတွက် အရေးကြီးသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်း၊ ကြွက်သားထုထည်ကို ထိန်းသိမ်းခြင်း၊ လုံလောက်စွာအိပ်စက်ခြင်း၊ အာဟာရမျှတစွာစားခြင်း၊ ကိုယ်အလေးချိန်ကို သင့်တင့်စွာထိန်းထားခြင်းနှင့် စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်းတို့ကလည်း ကျန်းမာစွာ အရွယ်ရင့်လာခြင်းအတွက် အရေးကြီးသည် . . ."**

နံနက်ခင်းပိုင်းတွင် ကော်ဖီထဲ သကြားနှစ်ဇွန်း၊ နေ့လယ် အချိုရည်တစ်ဘူး၊ ညနေ နို့လက်ဖက်ရည် အချိုတစ်ခွက်၊ ညဘက် ကိတ်မုန့်နှင့် အချိုပွဲတို့သည် တစ်ခုချင်းကြည့်လျှင် မများလှဟုထင်ရနိုင်သော်လည်း နေ့တိုင်းစားသုံးလာသည့်အခါ မလိုအပ်သော သကြားပမာဏအတော်များများ ရရှိသွားနိုင်သည်။

အထူးလျှော့ချသင့်သည်မှာ အစားအစာနှင့် အချိုရည်များတွင် ထပ်မံဖြည့်စွက်ထားသောသကြား (Added Sugar) ဖြစ်သည်။ သကြားပါသောအချိုရည်များ၊ Soft Drinks၊ Energy Drinks၊ နို့လက်ဖက်ရည် အချိုများ၊ သကြားထည့်ကော်ဖီ၊ ကိတ်မုန့်၊ ဘီစကွတ်၊ သကြားလုံး၊ အချိုပွဲများနှင့် ပြုပြင်ထုတ်လုပ်ထားသောအစားအစာတချို့တွင် Added Sugar ပမာဏများနိုင်သည်။ ထိုအစားအစာများကို မကြာခဏစားသောက်နေခြင်းသည် အရေပြားအတွက်သာမက ကိုယ်အလေးချိန်တိုးခြင်း၊ သွေးချိုထိန်းချုပ်မှုမကောင်းခြင်း၊ သွားကျန်းမာရေးနှင့် နှလုံးသွေးကြောကျန်းမာရေးတို့အတွက် မကောင်းနိုင်ပါ။

သို့သော် အသီးအနှံများတွင် Fructose ကဲ့သို့ သဘာဝသကြားပါဝင်သော်လည်း အမျှင်ဓာတ်၊ ဗီတာမင်၊ သတ္တုဓာတ်နှင့် တခြားအကျိုးပြုအပင်ဓာတ်ပေါင်းများလည်း ပါဝင်သည်။ Berries ကဲ့သို့ အသီးများသည် အမျှင်ဓာတ်နှင့် အကျိုးပြုဓာတ်ပေါင်းများ ရရှိနိုင်သည့် ရွေးချယ်စရာကောင်းများဖြစ်သည်။ ထောပတ်သီးတွင်လည်း သကြားနည်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော အဆီဓာတ်များပါဝင်သည်။ သတိထားသင့်သည်မှာ အသီးထက် အသီးဖျော်ရည်၊ သကြားထည့်ထားသော အသီးဖျော်ရည်နှင့် အချိုရည်များဖြစ်သည်။ ဖျော်ရည်ပုံစံဖြင့် သောက်သည့်အခါ ပမာဏများများကို လွယ်ကူစွာသောက်မိနိုင်သည်။

AGEs များနှင့်ပတ်သက်၍ စိတ်ဝင်စားစရာနောက်တစ်ချက်မှာ အစားအစာချက်ပြုတ်သည့်အချက်ဖြစ်သည်။ AGEs တချို့သည် ခန္ဓာကိုယ်အတွင်းဖြစ်ပေါ်လာသကဲ့သို့ အစားအစာများထဲတွင်လည်း ရှိနိုင်သည်။ အပူချိန်မြင့်မြင့်ဖြင့် ခြောက်သွေ့စွာကင်ခြင်း၊ ကြော်ခြင်း၊ အလွန်ညိုအောင်ဖုတ်ခြင်းကဲ့သို့ ချက်ပြုတ်နည်းများသည် တချို့သောအစားအစာများတွင် AGEs ပိုမိုဖြစ်ပေါ်စေနိုင်သည်။ အပြန်အလှန်အားဖြင့် ပြုတ်ခြင်း၊ ပေါင်းခြင်းနှင့် ရေပါဝင်သောချက်ပြုတ်နည်းများသည် ယေဘုယျအားဖြင့် AGEs ဖြစ်ပေါ်မှုနည်းစေနိုင်သည်။

သစ်ကြံပိုးခေါက်၊ ချင်း၊ ကြက်သွန်ဖြူ၊ Oregano၊ Cloves စသည့် ဟင်းခတ်အမွှေးအကြိုင်များနှင့် Flavonoids ကဲ့သို့ အပင်မှရရှိသောဓာတ်ပေါင်းများ၏ Antioxidant နှင့် Glycation ဆိုင်ရာအကျိုးသက်ရောက်မှုများကိုလည်း သုတေသနများတွင် လေ့လာနေကြသည်။ သို့သော် ယင်းတို့ကို စား၍၊ Supplement တစ်မျိုးမျိုးသောက်ရုံဖြင့် အိုမင်းခြင်းကို ရပ်တန့်နိုင်မည်ဟု မယူဆသင့်ပါ။ Anti-aging ဟူသည်မှာ ဆေးတစ်လုံး၊ အစားအစာတစ်မျိုး သို့မဟုတ် ဟင်းခတ်အမွှေးအကြိုင်တစ်မျိုးအပေါ် မူတည်နေသည့် အရာမဟုတ်ပါ။ နေ့စဉ်လူနေမှုပုံစံတစ်ခုလုံး၏ရလဒ်ဖြစ်သည်။

သကြားလျှော့စားခြင်းသည် အရေးကြီးသော်လည်း အရွယ်တင်နုပျိုရေးအတွက် ယင်းတစ်ခုတည်း မလုံလောက်ပါ။ ဆေးလိပ်မသောက်ခြင်းသည်လည်း အရေးကြီးသည်။ နေရောင်ခြည်၏ ခရမ်းလွန်ရောင်ခြည်ဒဏ်ကို အလွန်အကျွံမခံရအောင် ကာကွယ်ခြင်းသည် အရေပြားအိုမင်းမှုကို နှေးကွေးစေရေးအတွက် အရေးကြီးသည်။ ပုံမှန်ကိုယ်လက်လှုပ်ရှားခြင်း၊ ကြွက်သားထုထည်ကို ထိန်းသိမ်းခြင်း၊ လုံလောက်စွာအိပ်စက်ခြင်း၊ အာဟာရမျှတစွာစားခြင်း၊ ကိုယ်အလေးချိန်ကို သင့်တင့်စွာထိန်းထားခြင်းနှင့် စိတ်ဖိစီးမှုကိုစီမံခန့်ခွဲခြင်းတို့ကလည်း ကျန်းမာစွာ အရွယ်ရင့်လာခြင်းအတွက် အရေးကြီးသည်။

အရေးကြီးဆုံးမှာ သကြားကို ကြောက်စရာတစ်မျိုးအဖြစ် မြင်ရန်မဟုတ်ပါ။ မွေးနေ့တစ်ရက်တွင် ကိတ်မုန့်တစ်စိတ်စားလိုက်ခြင်း၊ ရံဖန်ရံခါအချိုပွဲစားခြင်းကြောင့် ရုတ်တရက် အသားအရေအိုမင်းသွားမည်မဟုတ်ပါ။ ပြဿနာမှာ နေ့တိုင်းသကြားများများစားသုံးနေသည့်အလေ့အထကို နှစ်ပေါင်းများစွာ ဆက်လက်ပြုလုပ်နေခြင်းဖြစ်သည်။ အိုမင်းခြင်းသည် တစ်ညအတွင်းဖြစ်လာသော ဖြစ်စဉ်မဟုတ်သကဲ့သို့ ကျန်းမာနုပျိုစွာ အရွယ်ရင့်ခြင်းသည်လည်း တစ်ပတ်၊ တစ်လအတွင်း ရရှိမည့်ရလဒ်မဟုတ်ပါ။

အသက်ကြီးလာခြင်းကို ကျွန်ုပ်တို့ မတားဆီးနိုင်ပါ။ အသက်ကြီးလာခြင်းသည် သဘာဝဖြစ်စဉ်ဖြစ်သည်။ သို့သော် ကျန်းမာစွာ၊ သန်စွမ်းစွာ၊ အရွယ်တင်စွာ အသက်ကြီးလာနိုင်ရေးအတွက်တော့ ယနေ့ကတည်းက ပြင်ဆင်နိုင်သည်။

အချုပ်အားဖြင့်ဆိုရသော် အချိုကို နေ့တိုင်း နည်းနည်းစီလျှော့စားပါ။ အိုမင်းခြင်းကို ရပ်တန့်၍မရနိုင်သော်လည်း အိုမင်းမှုနှေးကွေးစေရန် ယနေ့စားသောက်နေသည့်အလေ့အထများက အတိုင်းအတာတစ်ခုအထိ ဆုံးဖြတ်ပေးနေသည်။ ယင်းအတွက် လူတိုင်းအရွယ်တင်နုပျိုပြီး ကျန်းမာသည့်ခန္ဓာကိုယ်ကို ပိုင်ဆိုင်နိုင်ကြစေရေး သကြားလျှော့စားကြရန် လိုကြောင်း ရေးသားလိုက်ရပါသည်။ ။

*မန္တလာဆရာမျိုး*

# မိုးနဲမြို့နယ်၌ မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မိုးနဲ ဩဂုတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် မိုင်ဟိုင်းကျေးရွာအုပ်စု ဆိုင်းဖယ်ရွာသစ်၌ မိုးနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ရိတ်သိမ်းချိန်တွင် နေကြာအောင်စေ့များရရှိရေးနှင့် အထွက်နှုန်းကောင်းမွန်ဖွယ်ရှိကြောင်း အဆိုပါကျေးရွာရှိ နေကြာစိုက်တောင်သူ ဦးကျော်လတ်၏ပြောကြားချက်အရ သိရသည်။

မိုးနဲမြို့နယ်၌ ဆီထွက်သီးနှံနေကြာကို စားသုံးဆီဖူလုံရေး၊ မိသားစုအပိုဝင်ငွေရရှိရေးအတွက် စီးပွားဖြစ်စိုက်ပျိုးကြကြောင်း၊ နေကြာကို သီးထပ်၊ သီးညှပ် စိုက်ပျိုးကြသည့်အပြင် နေကြာတစ်မျိုးတည်း စိုက်ပျိုးကြသည်များလည်းရှိကြောင်း၊ စိုက်ပျိုးပြီးသက်တမ်းလေးလကြာလျှင် ခူးဆွတ်ရောင်းချနိုင်ကြောင်း သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှလည်း ရေဆင်း-၁ နေကြာမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် တောင်သူများလက်ဝယ်အရောက် နေကြာမျိုးစေ့များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ ထွက်ရှိလာသည့်နေကြာများကို မိမိတို့ဒေသရှိ ကြိတ်စက်များ၌ကြိတ်ကာ မိသားစုစားသုံးဆီအပြင် ပြန်လည်ရောင်းချခြင်းဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် မိုးနေကြာကို မြို့နယ်အတွင်းရှိ နမ့်မော်ဆွမ့်ကျေးရွာ၊ မယ်ဇလီမြိုင်ကျေးရွာနှင့် ဆိုင်းဖယ်ကျေးရွာတို့၌ အများဆုံးစိုက်ပျိုးကြပြီး နေကြာဧက ၅၂ ဧကကျော် စိုက်ပျိုးထားကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့် သွင်းအားစုများ ပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၆) ကျင်းပ

ပဲခူး ဩဂုတ် ၂၆



ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၆) ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်သင်တန်းကျောင်းတို့မှ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အစည်းအဝေးတွင် အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အစိုးရအဖွဲ့ဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးက ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ရုံးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဖတ်ကြားတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်စွက်မှာကြားကြောင်း သိရသည်။ **ဥဿာတိုင်းသား**

## (၂၆-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၁.၆ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၇.၁ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၂,၃၇၃,၁၈၅.၅၅ | ၃,၂၅၈,၉၃၄.၀၀ | ၄၃,၃၅၄,၄၇၁.၈၅ | - |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ အီလက်ထရောနစ်ပစ္စည်း၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာနှင့်ပစ္စည်းတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို CMP ကဏ္ဍသို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇-၈-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၅၇၅ | ၃၇၃၀ | ၃၆၈၅ | ၃၅၉၅ | ၃၇၃၅ | ၃၇၅၀ | ၃၇၈၅ | ၃၆၆၅ | ၄၀၃၀ | ၄၀၆၀ | ၃၆၈၅ | ၃၈၂၀ | ၃၇၇၅ | ၃၇၃၀ | ၃၇၄၅ | ၃၉၇၀ |
| 95 Ron | ၃၆၉၀ | ၃၈၅၀ | ၃၈၀၀ | ၃၇၁၀ | ၃၈၅၀ | ၃၈၆၅ | ၃၉၀၀ | ၃၇၈၀ | ၄၁၄၅ | ၄၁၇၅ | ၃၈၀၀ | ၃၉၄၀ | ၃၈၉၀ | ၃၈၄၅ | ၃၈၆၀ | ၄၀၉၀ |
| HSD (500 ppm) | ၄၀၇၀ | ၄၂၂၀ | ၄၁၇၅ | ၄၀၈၅ | ၄၂၂၅ | ၄၂၄၀ | ၄၂၇၀ | ၄၁၅၅ | - | ၄၅၃၅ | ၄၁၇၅ | ၄၆၉၀ | ၄၂၆၀ | ၄၂၂၀ | ၄၂၃၀ | ၄၄၅၀ |
| HSD (50 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | ၅၃၇၅ | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |
| HSD (10 ppm) | ၄၉၂၅ | ၅၀၈၀ | ၅၀၃၀ | ၄၉၄၀ | ၅၀၈၀ | ၅၀၉၅ | ၅၁၃၀ | ၅၀၁၀ | | ၅၄၀၅ | ၅၀၃၀ | ၅၂၁၀ | ၅၁၂၀ | ၅၀၈၀ | ၅၀၉၀ | ၅၃၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၃၈၄ | ၃၄၈၅ |
| 95 Ron | ၃၄၉၅ | ၃၅၉၉ |
| HSD (500 ppm) | ၃၈၇၆ | ၃၉၈၃ |
| HSD (50 ppm) | ၄၆၈၇ | ၄၈၁၀ |
| HSD (10 ppm) | ၄၆၈၇ | ၄၈၁၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၈-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်

၂။ ၀၆:၄၅ ဓမ္မပူဇာတေး

၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့

၄။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှားအားကစား

၅။ ၀၈:၂၀ မျိုးချစ်တပ်မတော်

၆။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

၇။ ၁၂:၁၅ လေးစားအတုယူ စံနမူနာသူရဲကောင်းများ

၈။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း ရိုးရှင်းသောဘဝ အပိုင်း(၃)**

## တစ်စိတ်တစ်ဝမ်းတည်း ရွှေခရီး

✦ ဆိုကြ ကကြ
ငြိမ့်ညောင်းလှ၏။
✦ ရေးကြ တီးကြ
ချိုသာလှ၏။
✦ အငြိမ့်သဘင်
နွဲ့နှောင်းယဉ်၏။
✦ ပြဇာတ်တစ်ဖုံ
ရသစုံ၏။
✦ မျက်လှည့်တစ်ခန်း
ပြကွက်ဆန်း၏။
✦ မြန်မာ့အနု၊ ယဉ်ကျေးမှု၏
သုခုမပညာ၊ ထိန်ထိန်သာအောင်
ဇာတိမာန်နှင်း၊ ပြိုင်ပွဲခင်းသည်
ခင်းသည့်အကြိမ် တွက်စစ်ရေ။
ဆယ့်ကိုးကြိမ်မြောက် တိုင်ပြီလေ။
✦ စစ်သည် စစ်သမီး၊ အသီးသီးတို့
ပေါင်းစည်းတည်ထား၊ တပ်ဖွဲ့များတွင်
ခေါင်းခါးခြေလက်၊ ပျော့ပျောင်းသွက်၍
ကကွက်ကဟန်၊ အခြေခံနှင့်
စည်းမှန်ဝါးမှန်၊ ထုံးနည်းမှန်နှင့်
ထံတျာတေတျော၊ သံစဉ်နှောလျက်
မနောချိုဆိမ့်၊ ပီတိစိမ့်အောင်
အငြိမ့် ပြဇာတ်၊ တစ်ခန်းရပ်ကို
တတ်မြောက်ကျွမ်းကျင်၊ မျက်လှည့်ရှင်တို့
ပေါ်လွင်ခဲ့၏ ထင်ရှား၏။
✦ ပေါ်လွင်စွမ်းရည်၊ ထင်ရှားသည်မို့
"ပြည်သူ့ဆက်ဆံရေး
စိတ်ဓာတ်စစ်ဆင်ရေး"၊ ပေါင်းကူးပေးကာ
အတွေးထက်သန်၊ ဇာတိမာန်နှင့်
ပြန်ကြားပေးရန်၊ သန္နိဋ္ဌာန်နှင့်
လမ်းမှန်ပြပေး၊ ပညာပေးကာ
နွေးနွေးထွေးထွေး၊ ဖျော်ဖြေပေးသည်
အေးချမ်းစည်သာ ပြည်ရွာအရေး။
မွေးလန်းပြည်ရွာ စည်သာအေး။
✦ နိုင်ငံ့ကောင်းကျိုး၊ ဆောင်သယ်ပိုးကာ
"အမျိုးသားရေးဟန်၊
အမျိုးသားရေးစံ၊
အမျိုးသားရေးမာန်"၊ အမွေခံမို့
ဌာန်ကရိုဏ်းကျ၊ စွမ်းရည်ပြသည်
ဗီဇမျိုးရိုး မြန်မာတည်း။
တစ်စိတ်တစ်ဝမ်းတည်း ရွှေခရီး။
လျှောက်လှမ်းကြစို့ ညီညီတည်း။ ။

**ရေနံ့သာမောင်ကျော်ညွှန့်**

# မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းကြသူများ၏စကားသံများ

နေပြည်တော် ဩဂုတ် ၂၆

ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်သည်။ အဆိုပါအခမ်းအနားသို့တက်ရောက်လာကြသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ထိန်းသိမ်းကြသူများနှင့် တာဝန်ရှိသူများ၏စကားသံများကိုမျှဝေပေးလိုက်ရပါသည်–


ဗိုလ်မှူးနေဝမ်းထွန်း


ဦးသန်းမြတ်စိုး


ဝဏ္ဏကျော်ထင် ဒေါက်တာဒေါ်နုနုစိန်


အရာခံဗိုလ် စိန်တင့်ဆန်း


ဒုတိယအရာခံဗိုလ် (အစားခန့်) ဒေါ်ပပစိုး

**ဗိုလ်မှူးနေဝမ်းထွန်း၊ တပ်ခွဲမှူး အမှတ်(၁) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲ**

(၁၉)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာတော့ အားလုံးကိုဝင်ပြိုင်မှာဖြစ်ပါတယ်။ အခုလိုပြိုင်ပွဲတွေကျင်းပပေးတာ ကျွန်တော်တို့တပ်ခွဲမှာရှိတဲ့ အနုပညာနဲ့ပတ်သက်တဲ့ စစ်သည်/စစ်သမီးတွေရဲ့ အရည်အသွေးတွေ တိုးတက်မြင့်မားလာပါတယ်။ ပြီးရင် ကျွန်တော်တို့က အဆို၊ အက၊ အရေး၊ အတီး၊ ပြဇာတ်၊ မျက်လှည့် အကုန်လုံး တပ်မတော်သားတွေအားလုံးကို လေ့ကျင့်ရတာဖြစ်တဲ့အတွက် တပ်မတော်သားတွေကို လှည့်လည်ပြီးဖျော်ဖြေတဲ့အခါမှာလည်း ပရိသတ်ကို အရင်နဲ့မတူ၊ ယခင်နဲ့မတူတဲ့ ကကွက်တွေ၊ မျက်လှည့်ပြကွက်တွေ၊ အငြိမ့်ပြက်လုံး ဆန်းသစ်မှုတွေ၊ အကဆန်းသစ်မှုတွေနဲ့ ကျွန်တော်တို့ ပိုပြီးတော့ ဖျော်ဖြေနိုင်တာပေါ့။ ကျွန်တော်တို့ အနုပညာနဲ့ပတ်သက်ပြီးတော့မှ ပင်ကိုပါရမီဗီဇရှိတဲ့သူတွေကို ရှာဖွေစုဆောင်းပြီးတော့မှ အနုပညာလုပ်ငန်းတွေ လုပ်တာပေါ့။ အခုလိုကျင်းပပေးတာဖြစ်တဲ့အတွက်လည်း သူတို့ရဲ့ ပါရမီရှိသလောက် ထုတ်ဖော်ပြသခွင့်ရတာပေါ့။ အဲဒီအတွက်လည်း စစ်သည်/စစ်သမီးတွေလည်း ပျော်ကြပါတယ်။ သူတို့တွေ တက်တက်ကြွကြွပဲ ဆိုကြတယ်၊ ကကြတယ်၊ ပြီးတော့ လေ့ကျင့်ကြတယ်ပေါ့။ အဲဒီအတွက်လည်း စီစဉ်ကျင်းပပေးတဲ့ တပ်မတော်အကြီးအကဲတွေနဲ့ တာဝန်ရှိသူအဆင့်ဆင့်ကို ကျေးဇူးတင်ပါတယ်။ အဓိကကတော့ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကိုလည်း ကျေးဇူးတင်ပါတယ်။

**ဦးသန်းမြတ်စိုး၊ ဒိုင်အဖွဲ့ဝင်**

တပ်မတော်အနေနဲ့ ဒီလို အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲလုပ်တာ ဟိုးအရင်တုန်းကလည်း ကျွန်တော်တို့ ဒီမှာပါဝင်ပြီးတော့ဆောင်ရွက်ပေးခဲ့ရပါတယ်။ နောက်နှစ်ပိုင်းတွေ တော်တော်များများလုပ်ပြီးတော့ ပျက်သွားတယ်။ ခုပြန်ပြီးတော့ ဒီနှစ်ကို ပြန်လည်ပြီးတော့ ကျင်းပပေးတာ သိပ်ကောင်းတာပေါ့။ တပ်မတော်မှာ နယ်လှည့် လှည့်သွားနေရတာမျိုးတွေ ရှိတယ်။ နယ်လှည့်ဖျော်ဖြေရေးတွေမှာ အင်မတန်မှ အရေးပါတယ်ပေါ့။ ပြည်သူတွေနဲ့လည်းထိတွေ့ရတော့ ဒီအချက်က တော်တော်ကိုအရေးပါတဲ့ အချက်တစ်ခုပါပဲ။ ဒီမှာ အားလုံး စိတ်ကြည်နူးရတယ်၊ ပျော်ရွှင်ရတယ်။ တပ်မတော်သားတွေက အနုပညာလည်း ဖန်တီးပေးနိုင်တယ်၊ ဖျော်ဖြေပေးနိုင်တယ်ဆိုတာ အဲဒီ ဂုဏ်သိက္ခာကလည်း အင်မတန်မှထူးခြားပါတယ်။ အင်မတန်ကောင်းတယ်လို့ သုံးသပ်ပါတယ်။ တပ်မတော်သား ပြိုင်ပွဲဝင်များ အားလုံးဟာ စိတ်ဓာတ်တက်ကြွစွာနဲ့ ကြိုတင်ပြီးတော့ လေ့ကျင့်တဲ့လူလည်း လေ့ကျင့်ကြ၊ ပြိုင်ကြနဲ့ပေါ့။ အတတ်နိုင်ဆုံး ပြိုင်ပွဲဝင်တွေကို မနစ်နာအောင် ကောင်းရင် ကောင်းသလို၊ မကောင်းတဲ့လူကိုလည်း ကောင်းအောင် ပြုပြင်ပေးမယ်ပေါ့နော်။ တကယ်ထူးခြားတဲ့ အပြုအမူတွေနဲ့တကွ အားလုံးကို ပျော်ရွှင်ကြည်နူးမှုတွေနဲ့ ပြိုင်ပွဲကို အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ နောက်ပြီးတော့ ဒီနှစ်ရတဲ့လူတွေကလည်း အဆင့်ထပ်မြင့်သွားတဲ့ပြိုင်ပွဲကို သွားပြီးတော့ ဆက်ပြိုင်လို့ရတယ်။ မရသေးတဲ့လူတွေလည်း ရအောင်လို့ ကြိုးစားပြီးတော့ ယှဉ်ပြိုင်ပါ။

ဒီယှဉ်ပြိုင်မှုတွေအတွက် အင်မတန်ကို ဂုဏ်ယူပါတယ်လို့။

**ဝဏ္ဏကျော်ထင် ဒေါက်တာဒေါ်နုနုစိန်၊ ပါမောက္ခ(ငြိမ်း) (အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)) ဒိုင်အဖွဲ့ဝင်**

(၁၉)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲ ကျင်းပတာကို ကျွန်မအနေနဲ့ ပီတိလည်းဖြစ်တယ်၊ ကြည်နူးတယ်ပေါ့။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မတိမ်ကောမပျောက်ကွယ်စေဖို့အတွက်ကို ဒီလို ပြိုင်ပွဲတွေဆောင်ရွက်ပေးမှသာလျှင် နောင်လာမယ့် မျိုးဆက်သစ်လူငယ်တွေရဲ့ နှလုံးသားထဲမှာသိသွားမယ်။ အနုပညာကိုမြတ်နိုးတဲ့စိတ်ဓာတ်၊ မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းချင်တဲ့ဆန္ဒတွေ ဖြစ်ပေါ်လာမယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်ရှင့်။ ကျွန်မကတော့ ယခင်ကတည်းက တပ်မတော်ရဲ့ အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာ တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ကျွန်မတို့ အများကြီး ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုပြိုင်ပွဲမှာလည်း အငြိမ့်ဘာသာရပ်၊ တစ်ဦးချင်း အကဘာသာရပ်(အမျိုးသား / အမျိုးသမီး)၊ ပြီးတော့ တိုင်းရင်းသား အကဘာသာရပ်နောက်ပြီးတော့ နန်းတွင်း အကဘာသာရပ် ဒီဘာသာရပ်ငါးမျိုးကို ကျွန်မ တာဝန်ယူပြီးတော့ အကဲဖြတ်အမှတ်ပေးရမယ့် ဒိုင်ဖြစ်ပါတယ်ရှင့်။

အခုပြိုင်မယ့်ပြိုင်ပွဲမှာ တစ်ခေတ်နဲ့ တစ်ခေတ်ဆန်းသစ်လာမယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်။ ပြီးတော့ ခေတ်ဟောင်းကိုလည်း ဖော်ထုတ်မယ်၊ ခေတ်သစ်ကိုလည်း ထိန်းသိမ်းမယ်ဆိုတဲ့ ကဏ္ဍလေးတွေကို ကျွန်မအနေနဲ့ မျှော်လင့်မိပါတယ်ရှင့်။ ဘာလို့လဲဆိုတော့ နန်းတွင်းအကဆိုတဲ့အခါကျတော့ ကျွန်မတို့ ကုန်းဘောင်ခေတ်တို့၊ အင်းဝခေတ်တို့ ဒီခေတ်ရဲ့ အကတွေ၊ အလှတွေ၊ ဝတ်စားဆင်ယင်ပုံတွေ ဘယ်လိုဝတ်စားခဲ့တယ်၊ ဘယ်လို ထိန်းသိမ်းခဲ့တယ်၊ မဟာဂီတ သီချင်းတွေနဲ့ ဘယ်လိုကပြနိုင်တယ်ဆိုတာကို ဒီပွဲမှာ ပြိုင်ပွဲဝင်တွေက ပြိုင်ပွဲထဲမှာ ပြသခွင့်ရလိမ့်မယ်လို့ ကျွန်မအနေနဲ့ မျှော်လင့်မိပါတယ်ရှင့်။ စစ်သည်၊ စစ်သမီးတွေကတော့ သူတို့က တာဝန်နှစ်ခုကို ထမ်းဆောင်ရတယ်ပေါ့နော်။ ဒီအနုပညာတာဝန်တစ်ခုရယ်၊ ပြီးတော့ သူတို့ရဲ့ ပင်မတာဝန်တစ်ခုရယ် ဆောင်ရွက်ရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အနုပညာနဲ့ပတ်သက်လို့ အားနည်းလိမ့်မယ်လို့ ထင်ကောင်းထင်ရပါလိမ့်မယ်။ သို့သော်လည်း သူတို့က လေ့ကျင့်မှုတွေများလာတဲ့အခါကျတော့ တစ်ခါတလေမြင်ရတဲ့ အသွင်သဏ္ဍာန်တွေက တော်တော်လေးကို တိုးတက်မှုရှိတယ်။ လေ့ကျင့်မှုတွေ များများဆောင်ရွက်နိုင်တယ်လို့ ကျွန်မအနေနဲ့ ထင်မြင်ယူဆမိပါတယ်ရှင့်။

**အရာခံဗိုလ်စိန်တင့်ဆန်း ( ဆိုင်းအဖွဲ့လိုက်နှင့် တစ်ကိုယ်တော်ပြိုင်ပွဲဝင်)**

(၁၉)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲ ကျင်းပပေးတာ ကောင်းပါတယ်ခင်ဗျ။ ဘယ်လိုကောင်းသလဲဆိုတော့ ကျွန်တော်တို့တပ်မတော်မှာ ဒီလို အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲ ကျင်းပတဲ့အတွက် ကျွန်တော်တို့ရဲ့ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်တယ်။ နောက်ပြီးတော့ ဒီမှာရှိတဲ့ စစ်သည်၊ စစ်သမီးတွေရဲ့ အရည်အသွေးတွေကိုလည်း ထုတ်ပြခွင့်ရတာပေါ့ခင်ဗျ။ ဆရာသမားတွေနဲ့လည်း ဆည်းပူးခွင့်ရတာပေါ့။ ဆရာသမားတွေကိုလည်း ကိုယ်တတ်တာလေးတွေကို ချပြတဲ့ သဘောပါခင်ဗျ။ ပြိုင်ပွဲဆိုတော့ ပြိုင်ပွဲနဲ့အညီပေါ့နော် လေ့ကျင့်ရတာပေါ့ခင်ဗျ။ ဆရာသမားတွေနဲ့ ဆည်းကပ်ရတာပေါ့။ ဆရာသမားတွေရဲ့ နည်းနိဿယတွေကို ခံယူရတာပေါ့ခင်ဗျ။ တပ်မတော်သားတွေ အကုန်လုံး ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာရှိကြပါစေလို့ ကျွန်တော်ကတော့ ဆုတောင်းပါတယ်။

**ဒုတိယအရာခံဗိုလ်(အစားခန့်)ဒေါ်ပပစိုး (နန်းတွင်းယိမ်းအကပြိုင်ပွဲဝင်)**

ခုလို အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲ ကျင်းပပေးတာ အရည်အချင်းလေးတွေ တိုးတက်လာတယ်။ အနုပညာစွမ်းရည်တွေ၊ စွမ်းဆောင်ရည်တွေ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ပြိုင်ဆိုင်တယ်ဆိုတာထက် အရည်အချင်းလေးတွေထုတ်ပြခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ယခင် ၂၀၁၈ ခုနှစ်က (၁၈) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲမှာလည်း ဝင်ရောက်ယှဉ်ပြိုင်ဖူးပါတယ်ရှင့်။ အဲဒီတုန်းကလည်း နန်းတွင်းယိမ်းအကနဲ့ပဲဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါရှင့်။ ဒီအကက မြန်မာမှုကို ပိုပြီးတော့ ဖော်ထုတ်ခွင့်ရတယ်လို့ ယူဆလို့ ဒီအကနဲ့ပဲ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ မြန်မာ့သုခုမအနုပညာကို အခုလို ဖော်ထုတ်ခွင့်ပေးတဲ့အတွက်လည်း တပ်မတော်အကြီးအကဲတွေနဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဇော်မျိုး(မြဝတီ)
ဓာတ်ပုံ– ကျော်လွင်

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚c | / | ၃၂˚c |
| ရန်ကုန် | ၂၄˚c | / | ၃၂˚c |
| မန္တလေး | ၂၆˚c | / | ၃၃˚c |

လျှပ်စစ်မီးကို
ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို
ချွေတာကြပါစို့

## ၂၆-၈-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၅၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်၏ (၁၀)ကြိမ်မြောက် အစည်းအဝေးကျင်းပ




နေပြည်တော် ဩဂုတ် ၂၆

မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပူးတွဲကော်မရှင်၏ (၁၀)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် Park Royal ဟိုတယ်၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အတူ ဦးဆောင်တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ထူထောင်ထားသည့် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးအောက်မှ နှစ်နိုင်ငံဆက်ဆံရေးနှင့် ဘက်စုံကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ အထူးသဖြင့် နိုင်ငံရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး၊ ပညာရေးနှင့်လေ့ကျင့်သင်ကြားရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ယဉ်ကျေးမှု၊ ခရီးသွားနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို အပြန်အလှန်ရှင်းလင်းအသိပေးကြပြီး နှစ်နိုင်ငံအကြား ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန် ထောက်ခံအားပေးလျက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၂၇ ခုနှစ်တွင် မြန်မာ-ဗီယက်နမ် ဘက်စုံပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးထူထောင်မှု (၁၀)နှစ် ပြည့်မြောက်သည့်အထိမ်းအမှတ် အခမ်းအနားများကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်သင်တန်းကျောင်းများအကြား ပူးပေါင်းဆောင်ရွက်ရေးအပါအဝင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ရတနာပုံဆိုက်ဘာစီးတီးအပါအဝင် မြန်မာနိုင်ငံ၏ နည်းပညာအထူးဇုန်များတွင် ရင်းနှီးမြှုပ်နှံမှုများ လာရောက်ပြုလုပ်ရန်၊ နည်းပညာဆိုင်ရာပစ္စည်းများ လာရောက်ထုတ်လုပ်ရန်ဖိတ်ခေါ်လိုပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်ခ်မက်)အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသကဲ့သို့ ဗီယက်နမ်နိုင်ငံအနေဖြင့်လည်း ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိရာ နှစ်နိုင်ငံအကြား အဆိုပါ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုမူဘောင်များအောက်မှလည်း နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် အာဆီယံနှင့် ဆက်ဆံရေး တိုးတက်စေရန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများကို အပြုသဘောဆောင်ကြိုဆိုသည့် ဗီယက်နမ်နိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများကို အသိအမှတ်ပြုကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ဂုဏ်ပြုပါကြောင်း၊ ဗီယက်နမ်တွင်လည်း ဗီယက်နမ်ကွန်မြူနစ်ပါတီ၏ (၁၄)ကြိမ်မြောက်အမျိုးသားပါတီကွန်ဂရက်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး မဟာဗျူဟာများကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုအချိန်သည် နှစ်နိုင်ငံစလုံးအတွက် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် အချိန်အခါကောင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု စသည့် နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားလိုကြောင်း၊ အာဆီယံ၊ ကုလသမဂ္ဂနှင့် အခြားသော အပြည်ပြည်ဆိုင်ရာ မူဘောင်များတွင် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝနှင့် တန်းတူအခွင့်အရေးရရှိရေးအတွက် ဗီယက်နမ်နိုင်ငံက ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း၊ ဗီယက်နမ်နိုင်ငံက မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် လူမှု-ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ကြိုးပမ်းမှုများကို ထောက်ခံကြောင်း၊ နှစ်နိုင်ငံအကြား အာဆီယံ၊ အက်ခ်မက်နှင့် စီအယ်လ်အမ်ဗွီတို့ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးအပြီးတွင် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများက ပူးတွဲကော်မရှင်အစည်းအဝေး၏ သဘောတူညီချက်မှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့အား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ညနေပိုင်းတွင် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Le Hoai Trung နှင့်အဖွဲ့သည် နေပြည်တော်မှပြန်လည်ထွက်ခွာရာ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ပထမနေ့ ကျင်းပ



ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသား)တွင် ပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသမီး)တွင် ပြိုင်ပွဲဝင်တစ်ဦး သီဆိုယှဉ်ပြိုင်စဉ်။

နေပြည်တော် ဩဂုတ် ၂၆

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသား)ကို ပြိုင်ပွဲဝင် ၂၂ ဦးက လူချွန်လူကောင်းခေတ်ဟောင်းတေးသီချင်းဖြင့်လည်းကောင်း၊ ခေတ်ဟောင်းတေးအဆိုပြိုင်ပွဲ(အမျိုးသမီး)ကို ပြိုင်ပွဲဝင် ၁၆ ဦးက ဓမ္မစကြာခေတ်ဟောင်းတေးသီချင်းဖြင့်လည်းကောင်း အသီးသီးသီဆိုယှဉ်ပြိုင်ကြသည်။

ညပိုင်းတွင် နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲများက အငြိမ့်နှင့်ပြဇာတ်များကို ပါဝင်ကပြယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ အကဲဖြတ်ဒိုင်အဖွဲ့ အနုပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများ၊ တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲကို စက်တင်ဘာလ ၁ ရက်နေ့အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၀၀)



အငြိမ့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြဇာတ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

# Digital Smart မီတာအသစ်များ အွန်လိုင်းဖြင့်လျှောက်ထားခြင်းအတွက် အသုံးပြုနည်းလမ်းညွှန်

**ခြုံငုံတင်ပြချက်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတွင် Digital Smart မီတာအသစ်လျှောက်ထားခြင်းများကို အီလက်ထရောနစ်နည်းပညာဖြင့် လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် ဌာနမှလွှင့်တင်ထားသော Website (www.moee.gov. mm)တွင် Web Application နည်းပညာဖြင့် တည်ဆောက်ထားသော လျှပ်စစ်မီတာအသစ်လျှောက်ထားနိုင်သည့် စနစ်တစ်ခုဖြစ်ပြီး အင်တာနက်လိုင်း ချိတ်ဆက်ထားသည့် ကွန်ပျူတာ/စမတ်ဖုန်း Browser တို့မှ ဝင်ရောက်အသုံးပြုနိုင်ပါသည်။

Digital Smart မီတာအသစ်လျှောက်ထားလိုသူသည် အဆိုပါစနစ်တွင် အသုံးပြုရန်အတွက် User Account အသစ်တစ်ခုဖွင့်လှစ်၍ မှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပါသည်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အလိုက်အသုံးပြုလိုသည့် အိမ်သုံးမီတာ/ အိမ်သုံးပါဝါမီတာ/ ကန်ထရိုက်တိုက်အိမ်သုံးမီတာ/ စက်မှုသုံးပါဝါမီတာဟူ၍ မီတာအမျိုးအစားအလိုက် ဖော်ပြထားမှုထဲမှ မိမိအသုံးပြုလိုသည့် မီတာအားရွေးချယ်၍ လျှောက်ထားရမည်ဖြစ်ပါသည်။


Digital Smart မီတာအသစ်လျှောက်လွှာများကို ဖြည့်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ စစ်ဆေးလိုခြင်း၊ နောက်ဆုံးအခြေအနေကိုသိရှိလိုခြင်းနှင့် ကြည့်ရှုခြင်းများအတွက် စနစ်၏ လုပ်ငန်းစဉ်အဆင့်ဆင့် (Application Status) ကို ဌာန၏ Website ရှိ မီတာလျှောက်ထားသူမှ ဖွင့်လှစ်ထားသော User Account တွင် တိုက်ရိုက်လွယ်ကူလျင်မြန်စွာ အလွယ်တကူ ဝင်ရောက်ကြည့်ရှုစစ်ဆေးနိုင်ပြီး အောက်ဖော်ပြပါလင့်ခ် (Link) တွင် တိုက်ရိုက်ဝင်ရောက် အသုံးပြုနိုင်ပါသည်။

**ဝက်ဘ်ဆိုက်သို့ တိုက်ရိုက်ဝင်ရောက်ရန် (Website Link): https://emeter.moee.gov.mm**

**(၁) Digital Smart မီတာအသစ်လျှောက်ထားသူမှ အကောင့် (User Account)ဖွင့်လှစ်ရမည့်လုပ်ငန်းစဉ်များ**

(က) Digital Smart မီတာအသစ် လျှောက်ထားသူမှအကောင့်ပြုလုပ်ခြင်း

လျှောက်ထားသူ အကောင့်ပြုလုပ်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website ၏ ပင်မစာမျက်နှာ (Home Page) ရှိ **"Digital Smart မီတာအသစ်များလျှောက်ထားရန်"**အား Click နှိပ်လိုက်ပါက မီတာ/ပါဝါမီတာ အသုံးပြုခွင့်လျှောက်ထားခြင်းဟု တွေ့ရှိရမည်ဖြစ်ပြီး ၎င်းစာမျက်နှာ၏ ယာဘက်ထိပ်တွင် "အကောင့်ဖွင့်ရန်" စာသားအား Click ကိုနှိပ်၍ ဆောင်ရွက်နိုင်ပါသည်။




ပုံ(၁) ပင်မစာမျက်နှာပုံစံ

လျှောက်ထားသူအကောင့်ပြုလုပ်ရာတွင် ဖုန်းနံပါတ် (သို့မဟုတ်) အီးမေးလ်လိပ်စာတို့ဖြင့် မိမိစိတ်ကြိုက်ရွေးချယ်၍ အောက်ပါအတိုင်း ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၁) အမည်အပြည့်အစုံ၊ အီးမေးလ်လိပ်စာ၊ စကားဝှက် (Password) နှင့် စကားဝှက်အတည်ပြုခြင်း (Confirm Password) တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

(၂) အမည်အပြည့်အစုံ၊ ဖုန်းနံပါတ်၊ စကားဝှက် (Password) နှင့် စကားဝှက်အတည်ပြုခြင်း (Confirm Password) တို့ကို ဖြည့်သွင်းရမည်ဖြစ်ပါသည်။

စကားဝှက်အတည်ပြုခြင်းကဏ္ဍတွင် ရိုက်နှိပ်သည့်စကားဝှက်သည် အထက်တွင်ပေးခဲ့သော စကားဝှက်နှင့် ကိုက်ညီမှုရှိရမည်ဖြစ်ပါသည်။ ထို့နောက် လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"ဆက်လက်လုပ်ဆောင်မည်"** ဟူသော Click နှိပ်၍ အကောင့်ပြုလုပ်ခြင်းကို အောင်မြင်စွာ ဆောင်ရွက်ရမည်ဖြစ်ပါသည်။




ပုံ(၂) အကောင့်ပြုလုပ်ရန် ဖောင်ပုံစံ

အကောင့်ကို အတည်ပြုရန်အတွက် မိမိရွေးချယ်ခဲ့သည့်စနစ်အလိုက် အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၁) ဖြည့်သွင်းခဲ့သော အီးမေးလ်လိပ်စာထံသို့ MOEE Support Team မှ (၆) လုံးပါဝင်သော ကုဒ်နံပါတ် ပေးပို့မည်ဖြစ်ပြီး ၎င်းကုဒ်နံပါတ်ကိုဖြည့်သွင်း၍ အတည်ပြုခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၂) ဖြည့်သွင်းခဲ့သော ဖုန်းနံပါတ်ထံသို့ SMS မှတစ်ဆင့် (၆) လုံးပါဝင်သော ကုဒ်နံပါတ် (6-Digit Code) ပေးပို့မည်ဖြစ်ပြီး အဆိုပါကုဒ်ကို စနစ်တွင်ရိုက်နှိပ်၍ အတည်ပြုရမည်ဖြစ်ပါသည်။ ဂဏန်း (၆)လုံးပါဝင်သော ကုဒ်နံပါတ်ကို စနစ်တကျဖြည့်သွင်းပြီးပါက အကောင့်ဖွင့်လှစ်ခြင်းပြီးမြောက်၍ မီတာလျှောက်ထားခြင်းလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။




ပုံ(၃) ကုဒ်အတည်ပြုရန် ဖောင်ပုံစံ




ပုံ(၄) အကောင့်ဝင်ရန် ဖောင်ပုံစံ

**(ခ) လျှောက်ထားသူ အကောင့်ထဲသို့ ဝင်ရောက်ခြင်း**

လျှောက်ထားသူအကောင့် ရှိပြီးသူများသည် အကောင့်ဝင်ရန် စာမျက်နှာ (Login Form) တွင် မိမိတို့ အကောင့်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သည့် အီးမေးလ်လိပ်စာ (သို့မဟုတ်) ဖုန်းနံပါတ်နှင့် စကားဝှက် (Password) တို့ကို မှန်ကန်စွာ ဖြည့်သွင်းရမည်ဖြစ်ပါသည်။ လုံခြုံရေးစစ်ဆေးမှုအတွက် **"ကျွန်ုပ်က စက်ရုပ်မဟုတ်ပါ"** (reCAPTCHA) ဟူသော အမှတ်အသားကွက်ကို အမှန်ခြစ်ပေးရမည်ဖြစ်ပါသည်။ လိုအပ်သော အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်းပြီးပါက **"အကောင့်ဝင်မည်"** ဟူသော Click နှိပ်၍ စနစ်အတွင်းသို့ ဝင်ရောက်နိုင်ပြီဖြစ်ပါသည်။

**ဆက်လက်ဖော်ပြပါမည်။**

# Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များ ကျင်းပဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၆

အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ Polytechnic University၊ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့က Project Show များကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိရာ ၂၀၂၅ -၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ် ၁၆ ခုတို့က သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် Project Show များကျင်းပခဲ့ပြီး ကျန်ရှိသည့် တက္ကသိုလ်များကလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် Naypyitaw State Polytechnic University ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Engineering and ICT Project Show, 2026 ကိုကျင်းပခဲ့ပြီး Artificial Intelligence၊ IoT, Smart Automation & Embedded Systems၊ Green Technology, Sustainable Engineering & Smart Agriculture၊ Robotics, Mechatronics & Autonomous Systems၊ Software Engineering၊ Architectural Design နှင့် Assistive Technologies & Public Welfare စသည့် ဘာသာရပ်နယ်ပယ်ခုနစ်ခုအတွက် Project စုစုပေါင်း ၉၄ ခုကို ခင်းကျင်းပြသခဲ့သည်။



အဆိုပါပြပွဲကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ဒုတိယဝန်ကြီး၊ မြန်မာနိုင်ငံဒီဂျစ်တယ်စီးပွားရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (နေပြည်တော်)၊ မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း(နေပြည်တော်)တို့မှ ဥက္ကဋ္ဌများနှင့် အင်ဂျင်နီယာပညာရှင်များ ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ခင်းကျင်းပြသထားသည့် Project များကို နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိတက္ကသိုလ်များ၊ ကောလိပ်၊ သိပ္ပံကျောင်းများနှင့် ဥတ္တရသီရိမြို့နယ် အ.ထ.က (၁၂)မှ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အလားတူ ယနေ့တွင်ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၌လည်း UCSY Product Show and Job Fair 2026 ကို ကျင်းပရာ Software Engineering, AI, IoT, Image Processing, Networking ဘာသာရပ်နယ်ပယ်များနှင့် သက်ဆိုင်သော Undergraduate Project ၆၃ ခု၊ Post Graduate Project ၁၂ ခု စုစုပေါင်း Project ၇၅ ခုကိုပြသရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပညာရှင်များ ကြည့်ရှုအားပေးကြပြီး အလုပ်အကိုင်အခွင့်အလမ်းများအတွက် ကုမ္ပဏီ ၁၆ ခုကလည်း လာရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

မြဝတီ



# ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးတို့ နှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များတွေ့ဆုံဆွေးနွေး

ဘန်ကောက် ဩဂုတ် ၂၆

(၂၉)ကြိမ်မြောက်အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ရောက်ရှိနေသည့်အလုပ်သမားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနဝန်ကြီး Mr. Julapun Amornvivatနှင့် ဩဂုတ်လ ၂၅ ရက် ညနေပိုင်းတွင် အစည်းအဝေးများကျင်းပမည့် Dusit Thani Hotel သီးသန့်အစည်းအဝေးခန်း၌ နှစ်နိုင်ငံအလုပ်သမားရေးရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးစဉ် ထိုင်းနိုင်ငံတွင်းနေရာဒေသအလိုက်ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာလုပ်သားများ၏ အလုပ်အကိုင်အမျိုးအစားအလိုက် အင်အားစာရင်းရရှိရေး၊ မြန်မာလုပ်သားများ၏ မိသားစုလွှဲပို့ငွေများ တရားဝင်လမ်းကြောင်းများမှ တစ်ဆင့်လွှဲပို့နိုင်ရေး နှစ်နိုင်ငံ သက်ဆိုင်ရာဌာနများအကြား ဆွေးနွေးဆောင်ရွက်ပေးနိုင်ရေး၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity-CI) ထုတ်ပေးမည့်နေရာများ တိုးချဲ့ဖွင့်လှစ်ရေး၊ ထိုင်းနိုင်ငံတွင် MoU စနစ်ဖြင့် ရောက်ရှိအလုပ်လုပ်ကိုင်နေကြပြီး လေးနှစ်ပြည့်ပြီးသည့် မြန်မာလုပ်သားများ သက်တမ်းတိုးဆက်လက် အလုပ်လုပ်ကိုင်ရေးအတွက် U-turn လုပ်ငန်းစဉ်အမြန်ဆုံး ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ရေး၊ မြန်မာလုပ်သားများ ထိုင်းနိုင်ငံ၏ လူမှုဖူလုံရေးအကျိုးခံစားခွင့်များ စနစ်တကျရရှိနိုင်ရေးနှင့် နှစ်နိုင်ငံ လူမှုဖူလုံရေးအဖွဲ့များအကြား သဘောတူစာချုပ်(MoC)ချုပ်ဆို ဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေး၊ ယာယီအချက်အလက်ကောက်ယူရေးဌာန (Temporary Data Collection Center-TDCC)ဖွင့်လှစ်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံမှ အလုပ်သမားရေးရာတာဝန်ရှိသူများတက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၂၉) ကြိမ်မြောက် အာဆီယံအလုပ်သမားဝန်ကြီးများအစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံအပေါင်းသုံး အလုပ်သမားဝန်ကြီးများအစည်းအဝေးနှင့် နှစ်နိုင်ငံ အလုပ်သမားရေးရာ အလုပ်သမားဝန်ကြီးများအစည်းအဝေးများသို့ တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ မြန်မာနိုင်ငံ CCDAC နှင့် UNODC တို့ ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပ

ရန်ကုန် ဩဂုတ် ၂၆

နိုင်ငံဖြတ်ကျော် မူးယစ်ဆေးဝါးမှုခင်းများ စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉ နာရီက မြန်မာနိုင်ငံမူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CCDAC)နှင့် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)တို့ ပူးတွဲအိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲတွင် နိုင်ငံဖြတ်ကျော်မူးယစ်ဆေးဝါးအမှုများတွင် ကြုံတွေ့ရလေ့ရှိသည့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ နိုင်ငံအလိုက်ဆွေးနွေးတင်ပြခြင်းများ၊ သက်သေအထောက်အထားနှင့် သတင်းအချက်အလက်ဖလှယ်မှု၊ စာရွက်စာတမ်းနှင့် ဘာသာစကားဆိုင်ရာလိုအပ်ချက်များ၊ တရားခံလွှဲပြောင်းပေးခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ နယ်စပ်ဒေသ၌ တရားခံလွှဲပြောင်း/လက်ခံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးခဲ့ကြောင်းသိရသည်။



အလုပ်ရုံဆွေးနွေးပွဲ၌ ဒေသတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု အခြေအနေသည် လျင်မြန်စွာပြောင်းလဲဖြစ်ပေါ်လျက်ရှိကြောင်း၊ နေရာတစ်ခုတည်းတွင် မူးယစ်ဆေးဝါးများကို ထုတ်လုပ်၍ နိုင်ငံအများစုသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရရှိလာသော ငွေကြေးအမြတ်အစွန်းများကို သီးခြားတရားစီရင်ပိုင်ခွင့်ရှိသောနိုင်ငံများတွင် သိုဝှက်ထိန်းသိမ်းထားကြောင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်သောအဖွဲ့များသည် တစ်ခုနှင့်တစ်ခု ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နေပြီး နည်းပညာများလည်း ပိုမိုဆန်းသစ်စွာ အသုံးပြုလာသည်ကို တွေ့ရှိရကြောင်း၊ သီပေါမြို့နှင့် မိုင်းရယ်မြို့တွင် ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များအရ နယ်စပ်ဖြတ်ကျော်မူးယစ်ဂိုဏ်းအဖွဲ့များသည် ထိန်းချုပ်ဓာတုပစ္စည်းစာရင်းတွင် မပါဝင်သော ဓာတုပစ္စည်းအသစ်များကို ပြောင်းလဲအသုံးပြုလာကြပြီး စုံစမ်းစစ်ဆေးမှုမှ ရှောင်ရှားနိုင်ရန်အတွက် ၎င်းတို့၏ ဓာတုဗေဒဖော်မြူလာများကို ပြုပြင်ပြောင်းလဲလာကြောင်း၊ နယ်စပ်မှ တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံခြားသား ဓာတုဗေဒပညာရှင်များကိုလည်း ငှားရမ်းအသုံးပြုလာကြကြောင်း မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ရဲမှူးချုပ်သန့်လွင်မောင်က ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဂိုဏ်းခေါင်းဆောင်များကို ဖမ်းဆီးရန်အခက်အခဲရှိပြီး သက်သေအထောက်အထား စုဆောင်းရာတွင်လည်း အခက်အခဲရှိကြောင်း၊ သံသယရှိသူများကို နယ်စပ်ဖြတ်ကျော်လွှဲပြောင်းရာတွင်ကြီးမားသည့် အခက်အခဲရှိကြောင်း၊ ထို့ကြောင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မဖြစ်မနေဦးစားပေးဆောင်ရွက်သင့်ကြောင်း၊ တရားဥပဒေနှင့် စုံစမ်းစစ်ဆေးရေးစနစ်အပေါ်တွင် သတင်းအချက်အလက်ပေးပို့ချိတ်ဆက်မှုများနှောင့်နှေးကြန့်ကြာမှု၊ မရှင်းလင်းသော လုပ်ထုံးလုပ်နည်းများ၊ ပြည့်စုံမှုမရှိသော စာရွက်စာတမ်းအထောက်အထားများနှင့် အဆင့်ဆင့်သောဆက်သွယ်ရေးလုပ်ငန်းစဉ် အခက်အခဲများကြောင့် ပြစ်မှုကျူးလွန်သူများကို တရားဥပဒေ၏ အပြစ်ပေးအရေးယူမှုမှ လွတ်မြောက်စေနိုင်ကြောင်း၊ လုပ်ငန်းစဉ်များကိုကြန့်ကြာစေသည့် အဟန့်အတားများအား ဖော်ထုတ်ပြီး ၎င်းတို့ကို ကျော်လွှားနိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် နိုင်ငံများစုပေါင်း၍ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မပြုံး ဦးဆောင်သော ကိုယ်စားလှယ်ရှစ်ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများ၊ UNODC တို့မှ ကိုယ်စားလှယ် ၄၂ ဦးနှင့် မိတ်ဖက် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ်ရှစ်ဦး စုစုပေါင်း ကိုယ်စားလှယ် ၅၈ ဦး တက်ရောက်ဆွေးနွေးကြကြောင်းနှင့် အစည်းအဝေးကို ဩဂုတ်လ ၂၇ ရက်အထိ ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမင်းကြည်ဝင်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ရောက်ရှိ



နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဩဂုတ်လ ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ်လာရောက်သည့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီး Mr. Le Hoai Trung ဗီယက်နမ်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ရောက်ရှိခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုခဲ့ကြောင်း သိရသည်။

မြဝတီ

## ဖလမ်းမြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဖလမ်း ဩဂုတ် ၂၆

ဖလမ်းမြို့နယ်အတွင်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဆေးရုံဝင်းအတွင်း သူနာပြုအိမ်ရာများ၊ အမှတ်(၁) အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲ (၂) ထပ်ပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ယနေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များ၊ ဖလမ်းမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးမှာကြားသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌသည် မြို့နယ်သမဝါယမဦးစီးဌာန(၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အလုံးစုံပြုပြင်ပြီးစီးမှု၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း စတိုဆောင်ပြုပြင်မှုနှင့် ကျောင်းသားအိပ်ဆောင် အဆောက်အအုံ အလုံးစုံပြုပြင်ပြီးစီးမှု၊ မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(၂)ခန်းတွဲ ဝန်ထမ်းအိမ်ရာနှင့် (၄)ခန်းတွဲ အဆောက်အအုံပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။



အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသစ်ပြုပြင်ခြင်း၊ နံကပ်(၂) ခန်းတွဲ ဝန်ထမ်းအိမ်ရာပြုပြင်ခြင်းနှင့်လျှပ်စစ်ဝန်ထမ်းအိမ်ရာ (၄)ခန်းတွဲပြုပြင်ခြင်း၊ မြို့နယ်လျှပ်စစ် မီးစက်အဆောင်အမှတ်(၁) ပြုပြင်ခြင်း၊ လမ်းဦးစီး ဧည့်ရိပ်သာပြုပြင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယမန်နေ့ကလည်း မြို့နယ်သာသနာရေးရုံးအဆောက်အအုံ ပြုပြင်နေမှု၊ ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန အဆောက်အအုံပြုပြင်နေမှု၊ အိုးအိမ်ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲပြုပြင်နေမှု၊ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနရုံးအဆောက်အအုံပြင်ဆင်နေမှုများနှင့် မိုးလေဝသဆိုင်ရာ တိုင်းတာသည့်ကိရိယာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

## ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး(UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင် လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၆

အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်သည် ကုလသမဂ္ဂစီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services–UNOPS)၏ မြန်မာနိုင်ငံဆိုင်ရာ ယာယီညွှန်ကြားရေးမှူး Mr. Peter John Cross ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမျိုးသမီးများ၏စွမ်းပကားမြှင့်တင်ရေး၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (National Strategic Plan for Advancement of Women–NSPAW) အကောင်အထည်ဖော်ရေး၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် အကြမ်းဖက်မှုတားဆီးကာကွယ်ရေးတို့ကိုဆောင်ရွက်လျက်ရှိမှု၊ ကျေးလက်နေ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိမှု၊ အာဆီယံလုပ်ငန်းစဉ်များ အနေဖြင့် အာဆီယံအမျိုးသမီးရေးရာဝန်ကြီးများအဆင့်အစည်းအဝေး အလှည့်ကျဥက္ကဋ္ဌ၊ အာဆီယံအမျိုးသမီးကော်မတီ၊ အာဆီယံ အမျိုးသမီးနှင့် ကလေးသူငယ်များအခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကော်မရှင် (အမျိုးသမီး ကိုယ်စားလှယ်)၊ အာဆီယံအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် မှတ်ပုံတင်ကဏ္ဍတို့ကို Focal Point အဖြစ် ဆောင်ရွက်လျက်ရှိမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးသည်။

ဆက်လက်၍ Mr. Peter John Cross က မိမိတို့၏ Work Plan တွင် အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်းထောက်ပံ့ရေးလုပ်ငန်းများ၊ ကျား–မအခြေပြုအကြမ်းဖက်မှု ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများပါရှိသည့်အတွက် အမျိုးသမီးရေးရာဝန်ကြီးဌာနနှင့် လက်မှတ်ရေးထိုးပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

တွေ့ဆုံမှုအတွင်း အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးကဏ္ဍများတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးတို့ကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

(မိုး/ဇလ)

## ဒေသတွင်းကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်များရရှိစေရေးအတွက် ကုန်စစ်ဆေးရေးစခန်း ကသရ(မကန)ဖွင့်လှစ်ထားရှိ

မြစ်ကြီးနား ဩဂုတ် ၂၆

တရားမဝင်ကုန်သွယ်မှုများ ပပျောက်စေရေး၊ ဒေသတွင်းကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးနှင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့်အခွန်များရရှိစေရေးအတွက် မြစ်ကြီးနားမြို့အဝင် ကုန်စစ်ဆေးရေးစခန်း ကသရ(မကန)ကို လတ်တလောတွင် ကံပိုင်တည် OSS အဖွဲ့အား တာဝန်ချထား၍ ဗလမင်းထင်တံတားအနီး ရွှေမိုးတောင်ဘုရားတောင်ခြေတွင် ယာယီကုန်ပစ္စည်းစစ်ဆေးရေးစခန်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကုန်စစ်ဆေးရေးစခန်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ကျင်းပပြီး ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍအလိုက်ယာယီကုန်စစ်ဆေးရေးစခန်းမှ လအလိုက် ကုန်သွယ်နိုင်မှုအခြေအနေ၊ ကုန်စစ်ဆေးရေးစခန်းအား ဝိုင်းမော်မြို့နယ်အတွင်း ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ဒေသတွင်း စားသောက်ကုန်ပစ္စည်းများပြတ်လပ်မှုမရှိစေရေး ကြီးကြပ်မှုကော်မတီနှင့်လုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

အဆိုပါအစည်းအဝေးတွင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်က ကုန်စစ်ဆေးရေးစခန်းကို မြေနေရာပြောင်းရွှေ့ဖွင့်လှစ်ပြီး သွင်းကုန်ပစ္စည်းများ တရားဝင်ဖြစ်စေရေး၊ သွင်းကုန်လိုင်စင်ခွင့်ပြုရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေး၊ ဒေသတွင်း ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးအတွက် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သောအခွန်ငွေများဆုံးရှုံးမှုမရှိစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများကို တားဆီးနိုင်ရေးတို့အတွက် အားလုံးက လုပ်ထုံးလုပ်နည်းနှင့်အညီ ပူးပေါင်းဆောင်ရွက်ကြရန် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပြောကြားကြောင်းသိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားရေးဇာတိမာန်

မောင်ရင်သွေး

ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကိုယ်ပိုင်ယဉ်ကျေးမှုနဲ့ အမျိုးသားရေးစရိုက်လက္ခဏာတွေ ကိုယ်စီရှိကြပါတယ်။ ယဉ်ကျေးမှုအသွင်သဏ္ဍာန်ချင်း မတူကြပေမယ့် ကိုယ်ပိုင်ယဉ်ကျေးမှုအပေါ် တန်ဖိုးထားပုံချင်းကတော့ တူညီကြစမြဲပါပဲ။ ကျွန်တော်တို့ရဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ဂုဏ်ယူစရာ အင်မတန်ကောင်းတဲ့အသွင်သဏ္ဍာန်ရော အနှစ်သာရပါ ပြေပြစ်သိမ်မွေ့နေတဲ့ ကိုယ်ပိုင်အမှတ်လက္ခဏာများနဲ့ ထုံမွမ်းလျက်ရှိပါတယ်။ ဒီလို သမိုင်းတန်ဖိုးကြီးမားလှတဲ့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားလက်ဆင့်ကမ်းထိန်းသိမ်းကြဖို့ လိုအပ်ပါတယ်။

တစ်ဦးကိုတစ်ဦး အမျက်အငြိုမရှိ အပြုံးနဲ့နှုတ်ဆက်တတ်ကြတဲ့ ယဉ်ကျေးမှု၊ တတ်စွမ်းသမျှ ဖေးကူ ကူညီတတ်တဲ့ ယဉ်ကျေးမှုတွေဟာ ထူးခြားတဲ့အချက်တွေပါပဲ။ မြန်မာ့ယဉ်ကျေးမှုဆိုတာ သမိုင်းကြောင်းအစဉ်အဆက် ဂုဏ်ယူဖွယ်ရာအမွေအနှစ်များအဖြစ် ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းနဲ့ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိနေခဲ့တာဖြစ်ပါတယ်။

ဒီလိုထူးခြားတဲ့ ရိုးရာယဉ်ကျေးမှုကို အခြေခံပြီး ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက ဦးဆောင်ကျင်းပတဲ့ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲကြီးကို ၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၆ ရက် နံနက် ၉ နာရီမှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့တွေမှာ တာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တွေရဲ့ အနုပညာအရည်အသွေးတွေ ပိုမိုတိုးတက်မြင့်မားလာစေဖို့ ဒီပြိုင်ပွဲကြီးကို ကျင်းပတာဖြစ်ပါတယ်၊ မြန်မာ့ရိုးရာသုခုမအနုပညာရပ်များ တိမ်ကောပျောက်ကွယ်မှုမရှိစေဘဲ အဆင့်အတန်း တိုးတက်မြင့်မားလာစေဖို့လည်း ရည်ရွယ်ပါတယ်။ မြန်မာမှုစစ်စစ် သုခုမအနုပညာရပ်များအဖြစ် တည်တံ့ခိုင်မြဲအောင် ရပ်တည်နိုင်ဖို့နဲ့ အဆိုပါပညာရပ်တွေ အရည်အသွေး ပိုမိုမြင့်မားလာစေဖို့အတွက် ကြိုးပမ်းဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာ သုခုမအနုပညာရပ်တွေမှာပါ အရည်အသွေး ပိုမိုမြင့်မားတိုးတက်လာစေဖို့နဲ့ ပြည်သူ့ဆက်ဆံရေးနဲ့ စိတ်ဓာတ်စစ်ဆင်ရေးတပ်ဖွဲ့တွေရဲ့ မူလရည်မှန်းချက်ဖြစ်တဲ့ ပြန်ကြားရေး၊ ပညာပေးရေးနဲ့ ဖျော်ဖြေရေးဆိုတဲ့ လုပ်ငန်းတာဝန်တွေကို ပိုမိုအောင်မြင်စွာထမ်းဆောင်နိုင်ဖို့အတွက်လည်း ခွန်အားတစ်ရပ်ဖြစ်စေပါတယ်။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေးအတွက် အနုပညာစွမ်းပကားနဲ့ ပခုံးထမ်း မြှင့်တင်ပေးနိုင်ဖို့အတွက် ကြီးမားတဲ့အထောက်အပံ့ကောင်းတစ်ခုလည်း ဖြစ်ပါတယ်။

ဒီလိုရည်ရွယ်ချက်ကောင်းများနဲ့ ခမ်းခမ်းနားနား၊ သိုက်သိုက်မြိုက်မြိုက်ကျင်းပခဲ့တဲ့ ပြိုင်ပွဲကြီးကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူရဲဝင်းဦးကိုယ်တိုင် တက်ရောက်ချီးမြှင့်ခဲ့ပြီး အဖွင့်မိန့်ခွန်းမှာ **“အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ဖြစ်တည်မှုသမိုင်းအစမှတစ်ဆင့် လွတ်လပ်ရေးနှင့် အတူပိုင်ဆိုင်ခဲ့သည့်မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရာရောက်သည်ကို လေးလေးနက်နက် သိမြင်နားလည်ထားကြရန်လိုကြောင်း၊ လက်ရှိ မျိုးဆက်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့်စိတ် စသောစိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း”** အလေးအနက်ထား ထည့်သွင်းပြောကြားခဲ့ပါတယ်။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဝင်တွေရဲ့ အနုပညာအရည်အသွေးကို ဖော်ထုတ်ပြသခွင့်ရတဲ့ ဒီပြိုင်ပွဲကြီးကို ၂၀၀၀ ပြည့်နှစ်က စတင်ကျင်းပခဲ့တာဖြစ်ပါတယ်။ နှစ်စဉ်ပုံမှန်ကျင်းပလာခဲ့ရာမှာ ၂၀၁၉ ခုနှစ်အထိ (၁၈)ကြိမ်တိုင်တိုင် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အဖွင့်မိန့်ခွန်းမှာ လမ်းညွှန်မှာကြားခဲ့သလိုပဲ အမျိုးသားရေးစိတ်ဓာတ်တွေ အစဉ်နိုးကြား ထက်သန်စေဖို့အတွက် နှစ်စဉ်ပုံမှန်ကျင်းပပေးနေခြင်းလည်း ဖြစ်ပါတယ်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနဲ့ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းဖို့ဆိုတာ နိုင်ငံသားအားလုံးရဲ့ တာဝန်ပါပဲ။ နိုင်ငံတစ်နိုင်ငံအတွက် မျိုးချစ်စိတ်ဓာတ်ဆိုတာ အခြေခံအကျဆုံး မျိုးစေ့တစ်စေ့ပါ။ အဲဒီမျိုးစေ့ကိုမှ ရှင်သန်အောင် မစိုက်ပျိုးနိုင်ရင် အခြားသောကဏ္ဍတွေ ဘယ်လိုမှ ဝေဆာလာမှာမဟုတ်ပါဘူး။

စိမ်းလန်းဖွံ့ဖြိုးနေတဲ့ ယဉ်ကျေးမှုသစ်ပင်ကြီး ရှည်ကြာစွာ တည်တံ့ရှင်သန်ဖို့ဆိုတာ နိုင်ငံသားအားလုံးရဲ့တာဝန်ပဲဖြစ်ပါတယ်၊ ဒီလိုအမွေအနှစ်တွေ မပျောက်ပျက်ရလေအောင် နိုင်ငံတော်က ပြိုင်ပွဲတွေကျင်းပနေသလို တပ်မတော်အနေနဲ့လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်အားဖြည့်ကျင်းပဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်တွေအပြင် ယဉ်ကျေးမှုအမွေအနှစ်တွေကိုပါ တစ်ဖက်တစ်လမ်းက ထိန်းသိမ်းစောင့်ရှောက် လက်ဆင့်ကမ်းအမွေပေးဝေနေခြင်းပဲဖြစ်ပါတယ်။

မျိုးချစ်စိတ်နဲ့ ယဉ်ကျေးမှုတို့ဟာ တစ်ထပ်တည်းကျနေတယ်ဆိုတာကို သတိပြုရပါမယ်။ ဇာတိသွေး၊ ဇာတိမာန်နဲ့ မျိုးချစ်စိတ်မရှိဘဲနဲ့ ယဉ်ကျေးမှုချည်းသက်သက် ရေရှည်ရပ်တည်လို့ မရနိုင်ပါဘူး။ အမျိုး၊ ဘာသာ၊ သာသနာကို အလေးထားတဲ့ ခေါင်းဆောင်တွေ လက်ထက်မှာ နိုင်ငံတော်က စည်ပင်ဝပြောပြီး အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ခဲ့တာ သမိုင်းမှာ အထင်အရှားတွေ့ရမှာပါ။ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားထည်ဝါခဲ့တာကို တွေ့နိုင်ပါတယ်။

သို့သော်လည်း တစ်ဖက်မှာ သတိပြုရမယ့်အရာတွေရှိနေပါတယ်။ နည်းပညာတိုးတက်မှုကို ကြိုဆိုအတုယူရမှာဖြစ်ပေမယ့် မိမိနိုင်ငံနဲ့မသင့်လျော်တဲ့ ယဉ်ကျေးမှုလေ့တွေကိုတော့ ရှောင်ကြဉ်ဖို့ လိုအပ်လှပါတယ်။ ဂျပန်တို့ရဲ့ မေဂျီတော်လှန်ရေးကာလမှာ အနောက်နိုင်ငံတွေဆီက နည်းပညာကိုယူပြီး သူတို့ရဲ့ ယဉ်ကျေးမှုနဲ့ မကိုက်ညီတာတွေကို လက်မခံခဲ့ကြပါဘူး။ ဒါဟာ အမျိုးသားရေးစိတ်ဓာတ်ထက်မြက်ရှင်သန်မှုကို ပြသနေတဲ့ သက်သေကောင်းတစ်ခုပါပဲ။

ရုရှားနိုင်ငံအပါအဝင် အင်အားကြီးနိုင်ငံတချို့ရဲ့ ပညာရေးစနစ်မှာလည်း အင်္ဂလိပ်စာ သုံးစွဲမှု နည်းပါးတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့ဟာ မိခင်ဘာသာစကားနဲ့လည်း ရပ်တည်နိုင်ကြောင်း ပြသနေကြတာဖြစ်ပါတယ်။ ဒါဟာ အမျိုးသားရေးစိတ်ဓာတ် ထက်သန်ခိုင်မာမှုနဲ့အတူ မိမိတို့ရဲ့ ကိုယ်ပိုင်အရည်အသွေးကို အမြင့်မားဆုံးတည်ဆောက်လိုတဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပုံရိပ်ကောင်းများလို့ ဆိုရမှာပါ။




ပြီးခဲ့တဲ့ရက်ပိုင်းအတွင်း စာရေးသူကိုယ်တိုင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိတပ်တွေဆီကို လုပ်ငန်းတာဝန်နဲ့ရောက်ရှိခဲ့စဉ် ပြိုင်ပွဲအတွက် အားကြိုးမာန်တက် ကြိုတင်ပြင်ဆင်နေကြတာကို တွေ့ခဲ့ရပါတယ်။ အားလုံးက ဒီပြိုင်ပွဲကြီးအပေါ်မှာ စိတ်အားထက်ထက်သန်သန်နဲ့ စနစ်တကျလေ့ကျင့်နေကြတာ ကျေနပ်အားရဖွယ်ကောင်းလှပါတယ်။

ယခုနှစ်ပြိုင်ပွဲမှာ ခေတ်ဟောင်းတေးကဏ္ဍက လူချွန်လူကောင်း၊ ရတနာပုံ၊ လက်ရည်တစ်ပြင်တည်း သီချင်းတွေကို သီဆိုလေ့ကျင့်နေကြတာပါ။ ကာလပေါ်တေးကဏ္ဍဖြစ်တဲ့ စာဆိုစစ်သည်၊ ချစ်ရတုတံတျာနဲ့ ပန်းပိတောက်ကြွေရာမြေ သီချင်းတွေကိုလည်း စနစ်တကျ သီဆိုလေ့ကျင့်နေကြတာကို တွေ့မြင်ခံစားခဲ့ရပါတယ်။

အလားတူ အငြိမ့်ပြိုင်ပွဲအတွက် လူရွှင်တော်တွေနဲ့ အကလေ့ကျင့်မှုတွေကိုလည်း မြင်တွေ့ခဲ့ရပါတယ်။ အတီးပြိုင်ပွဲဖြစ်တဲ့ ဆိုင်းဝိုင်း၊ မောင်း၊ ဝါးပတ္တလားနဲ့ ပြဇာတ်၊ မျက်လှည့်လေ့ကျင့်နေတာတွေကလည်း ရင်သပ်ရှုမောဖွယ် ပဉ္စလက်ဆန်လွန်းလှပါတယ်။ အခုလိုပြိုင်ပွဲကြီးတွေကို အနှစ်သာရရှိရှိ ခမ်းနားသိုက်မြိုက်စွာ ကျင်းပပေးခြင်းအားဖြင့် နိုင်ငံတော်အတွက် တန်ဖိုးရှိတဲ့ ရှက်ပုန်းသီး ပညာရှင်တွေကို မွေးထုတ်ပေးနိုင်မှာ ဖြစ်ပါတယ်။ အခုလို သူတို့တစ်တွေရဲ့ လုံ့လစိုက်ထုတ်ကြိုးကုတ်အားထုတ်ထားမှုများကို ပြိုင်ပွဲစင်မြင့်ပေါ်မှာ ယှဉ်ပြိုင်အစွမ်းပြကြတဲ့အခါ ဖိတ်ကြားထားတဲ့ ဝါရင့် သမ္မာရင့် ကျွမ်းကျင်ပညာရှင်ကြီးများက စနစ်တကျ အကဲဖြတ်အမှတ်ပေးကြမှာဖြစ်ပါတယ်၊ သက်ဆိုင်ရာ အနုပညာဘာသာရပ်အလိုက် တတ်သိကျွမ်းကျင်တဲ့ ပညာရှင်ကြီးများရဲ့စစ်ဆေးအကဲဖြတ်မှုအောက်မှာ ပြိုင်ပွဲဝင် စစ်သည်၊ စစ်သမီးများရဲ့ အနုပညာအရည်အသွေးကလည်း ပိုမိုတောက်ပလင်းလက်လာမှာ မလွဲဧကန်ပါပဲ။

ဒီနေ့ခေတ်မှာ နိုင်ငံတစ်နိုင်ငံကို စစ်ပြုပြီးမှသာ တိုက်ခိုက်သိမ်းပိုက်နိုင်တာမျိုး မဟုတ်တော့ပါဘူး။ ယဉ်ကျေးမှုကို ဖျက်ဆီးလိုက်တာနဲ့ အခြေခံစိတ်ဓာတ်တွေပါ တဖြည်းဖြည်း ဝါးမျိုခံလာရတတ်ပါတယ်။ ဒါကြောင့် သွယ်ဝိုက်ပြီး မှိုင်းတိုက်ခံရတဲ့ ယဉ်ကျေးမှုတွေကို နိုင်ငံသားတိုင်းက အသိ၊ သတိကြီးစွာထားကြဖို့ လိုပါတယ်။

အတိတ်သမိုင်းမှာလည်း မြန်မာစာကို ချောင်ထိုးဖို့ ကြိုးစားခဲ့ဖူးတဲ့ ဖြစ်ရပ်တွေရှိခဲ့ပါတယ်။ အဲဒီအချိန်က အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်သူတွေကြောင့် “မြန်မာပြည်သည် တို့ပြည်၊ မြန်မာစာသည် တို့စာ၊ မြန်မာစကားသည်တို့စကား” ဆိုတဲ့ ကြွေးကြော်သံတွေ ပေါ်ပေါက်ခဲ့ရတာပါ။ ယဉ်ကျေးမှုနယ်ပယ်ဆိုတာ အင်မတန်ကျယ်ပြန့်ပြီး ကောင်းမွန်တဲ့ပြောင်းလဲခြင်းသာ ဖြစ်သင့်ပါတယ်။ မြတ်ဗုဒ္ဓရဲ့ အဆုံးအမများနဲ့ မင်္ဂလာတရားတော်များအောက်မှာ ကြီးပြင်းလာသူတွေဖြစ်တဲ့ အလျောက် ကျူးကျော်လာတဲ့ ယဉ်ကျေးမှုဆိုးတွေကို လူတိုင်းကိုယ်စီက တာဝန်သိသိတွန်းလှန်တားဆီးပစ်ရပါမယ်။

လက်နက်ကိုင် ခုခံတာတစ်ခုတည်းမဟုတ်ဘဲ သွယ်ဝိုက်ပြီး သွေးခွဲလာတဲ့ ယဉ်ကျေးမှုစနစ်များကိုလည်း အမျိုးသားရေးစိတ်ဓာတ်နဲ့ ကာကွယ်ရမှာဖြစ်ပါတယ်၊ တပ်မတော်အနေနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းတွေမှာ အချိန်နဲ့တစ်ပြေးညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေသလို မြန်မာ့ရိုးရာယဉ်ကျေးမှုများ မတိမ်ကောမပပျောက်စေဖို့နဲ့ လက်ဆင့်ကမ်းထိန်းသိမ်းဖို့ကိုလည်း အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ အခုလိုပြိုင်ပွဲကြီးများ ကျင်းပခြင်းအားဖြင့် တစ်ဖက်တစ်လမ်းက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ကိုယ်ပိုင်အမျိုးသားရေးသင်္ကေတနဲ့ ဥပမိရပ်တွေ ပျောက်ဆုံးသွားရင် နိုင်ငံနဲ့လူမျိုးပါ ပျောက်ကွယ်သွားမှာဖြစ်ပါတယ်၊ ဒါကြောင့် တိုင်းတစ်ပါးရဲ့ ယဉ်ကျေးမှု လွှမ်းမိုးခြင်းကနေ အကာအကွယ်ပေးနိုင်ရုံမျှမက မြန်မာ့ရိုးရာယဉ်ကျေးမှုသုခုမအနုပညာရပ်များကို လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်ပေးနေတဲ့ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးက ဦးဆောင်ကျင်းပတဲ့(၁၉)ကြိမ်မြောက် တပ်ဖွဲ့အတွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နဲ့ မျက်လှည့်ပြိုင်ပွဲကြီးကို လှိုက်လှဲဝမ်းမြောက်စွာကြိုဆိုပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါတယ်။ ။

# (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်အမှာစကားပြောကြား



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး (၁၉ )ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၆

မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို မတိမ်ကော၊ မပပျောက်အောင် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်၊ အနုသုခုမပညာရပ်များမှတစ်ဆင့် နိုင်ငံသားတိုင်း၏ နှလုံးသား၌ ဇာတိသွေး၊ ဇာတိမာန်များကို အရင်းခံသည့် မျိုးချစ်စိတ်များ ပွင့်လန်းရှင်သန်စေရန်နှင့် မိမိတို့တပ်ဖွဲ့များ၏ အနုပညာအရည်အသွေးများ မှန်မှန်ကန်ကန် တိုးတက်ဖြစ်ထွန်းလာအောင် ဝါရင့်၊ သမ္ဘာရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများထံမှ စစ်မှန်သည့် အနုပညာအမွေအနှစ်များကို မျိုးဆက်သစ်ပညာရှင်များဖြစ်စေရန် ရည်ရွယ်ကျင်းပပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉ )ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့် ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အကဲဖြတ်ဝါရင့်အနုပညာရှင်၊ အတတ်ပညာရှင်ကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်ပြိုင်ပွဲဝင်စစ်သည်၊ စစ်သမီးများ တက်ရောက်ကြသည်။

ဦးစွာ စိတ်ဓာတ်ရေးရာနှင့်လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ရဲရင့်အောင်တို့က ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး၏ (၁၉)ကြိမ်မြောက် တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် ပြည်သူ့ဆက်ဆံရေးတပ်များ၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကျင်းပခြင်းသည် ပြည်သူ့ဆက်ဆံရေးတပ်များတွင် တာဝန်ထမ်းဆောင်နေကြသည့် စစ်သည်၊ စစ်သမီးများ၏ အနုပညာအရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန်၊ မြန်မာ့အငြိမ့်သဘင်တိမ်ကောပပျောက်မှု မရှိစေရန်၊ အဆင့်အတန်းတိုးတက်မြင့်မားစေရန်၊ မြန်မာမှုစစ်စစ် အနုသုခုမပညာရပ်အဖြစ် ထည်ဝါစွာရပ်တည်နိုင်ရန်၊ အငြိမ့်ပညာရပ်များ၊ မြန်မာ့ဆိုင်းနှင့်ပတ်သက်သည့် သဘင်သုခုမအနုပညာရပ်များတွင် အရည်အသွေးပိုမိုမြင့်မားတိုးတက်လာစေရန်နှင့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များဖြစ်သည့် ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန် စသည့်လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်စွာထမ်းဆောင်နိုင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသည့် အနုပညာစွမ်းအားများ မြင့်မားစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ စာပေ၊ ဂီတအနုသုခုမဆိုသည်မှာ လူတို့၏ စိတ်ကို နူးညံ့ပျော့ပျောင်းစေသကဲ့သို့ မျိုးချစ်စိတ်ဓာတ်နှင့် စစ်သွေးစစ်မာန်တို့ကိုလည်း နိုးထစေကြောင်း၊ မြန်မာ့သမိုင်းတွင် ငါးစီးရှင်ကျော်စွာသည် “ကာချင်း”ကို ကိုယ်တိုင်ရေးသားစပ်ဆိုခဲ့ပြီး ရဲမက်အပေါင်းတို့သည် ဒိုင်း၊ ဓား၊ လှံတို့ကိုကိုင်ပြီး ညီညာဖျဖျ သီဆိုကာ ကခုန်ခဲ့ကြကြောင်း။

လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင်လည်း မြန်မာတို့၏ လွတ်လပ်ရေးမျှော်မှန်းချက်နှင့်အတူ အမျိုးသားရေးတေးသီချင်းများ စွာလည်း ပေါ်ထွန်းလာခဲ့ကြောင်း၊ ထိုသို့ ဂီတအနုသုခုမ စွမ်းဆောင်ရည်ကြောင့် မြန်မာတစ်မျိုးသားလုံး အမျိုးသားရေး စိတ်ဓာတ်များ ပြန်လည်နိုးကြားလာခဲ့ပြီး လွတ်လပ်ရေးဆိုသည့်ပန်းတိုင်ကို ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း။

ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ဖွဲ့များ၊ အသံလွှင့်တပ်ဖွဲ့များ၊ မြဝတီရုပ်မြင်သံကြားတပ်ဖွဲ့များ၊ သတင်းစာတိုက်တပ်ဖွဲ့များသည် ပြည်သူနှင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိတွေ့နေသည့် တပ်ဖွဲ့များဖြစ်ကြောင်း၊ တစ်နည်းဆိုပါက တပ်မတော်နှင့်ပြည်သူအကြား ပေါင်းကူးတံတားများဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးမျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်အောင် ကျွမ်းကျင်ရာအနုသုခုမပညာရပ်များနှင့် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဆိုသည့် တာဝန်သုံးရပ်သည် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးတပ်များ၏ မူလရည်မှန်းချက်တာဝန်များပင်ဖြစ်ကြောင်း၊ မူလရည်မှန်းချက်တာဝန်သုံးရပ်ကို အောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် တပ်ဖွဲ့ဝင်တိုင်းတွင် ပင်ကိုဗီဇ၊ ဝါသနာ၊ ပါရမီဆိုသည့် စိတ်အခြေခံကောင်းများ ကနဦးရှိနေရန်လည်းလိုအပ်ကြောင်း၊ စိတ်အခြေခံကောင်းများမှတစ်ဆင့် စာပေ၊ ဂီတ၊ အနုပညာဆိုသည့် ကျွမ်းကျင်ရာနယ်ပယ်ကို ဝင်ရောက်ပြီး တပ်ဖွဲ့၏မူလတာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် ဩဂုတ် ၂၆

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့်ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းမှူးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

သည် နိုင်ငံတော်နှင့် တပ်မတော်အတွက် မရှိမဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးလုပ်ငန်းစဉ်များ ပိုမိုပီပြင်စေသည်ကိုတွေ့မြင်ရမည်ဖြစ်ကြောင်း။

အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူ တန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ဖြစ်တည်မှုသမိုင်း အစမှတစ်ဆင့် လွတ်လပ်ရေးနှင့်အတူ ပိုင်ဆိုင်ခဲ့သည့် မြန်မာ့သုခုမအနုပညာရပ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် မိမိတို့နိုင်ငံတော်၏ အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ရာ ရောက်သည်ကို လေးလေးနက်နက်သိမြင်နားလည်ထားကြရန်လိုကြောင်း။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်အခမ်းအနားတက်ရောက်လာကြသူများက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့များမှ စစ်သည်၊ စစ်သမီးများ၏ သီဆို၊ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးစဉ်။

**❖ အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတစ်နိုင်ငံ၏ တိုင်းရင်းသားလူမျိုးများအတွက် အသက်နှင့်ထပ်တူတန်ဖိုးထားထိန်းသိမ်းရမည့် ဘိုးဘွားအမွေအနှစ်တစ်ခုပင်ဖြစ် . . .**

**❖ လက်ရှိမျိုးဆက်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့်စိတ်စသော စိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ် . . .**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး အခမ်းအနားတက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

လက်ရှိမျိုးဆက်များမှတစ်ဆင့် နောင်မျိုးဆက်သစ်များထိတိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းချစ်မြတ်နိုးသည့်စိတ်၊ စောင့်ရှောက်လိုသည့်စိတ် စသောစိတ်အခြေခံကောင်းများကို ထာဝစဉ်ရှင်သန်နေအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားမြတ်နိုးတတ်စေမည့် စိတ်အမြုတေကောင်းများကို လက်ဆင့်ကမ်းအမွေအဖြစ်ပေးအပ်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့နှလုံးသားထဲတွင်ပိုင်ဆိုင်ထားသည့် အနုပညာ၊ ပင်ကိုရှိပြီးသည့် အနုပညာဗီဇ၊ ပါရမီတို့နှင့်အတူ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်အစစ်အမှန်ကိုဖော်ထုတ်ပြသကြရမည့် ပြိုင်ပွဲတစ်ရပ်ဆိုသည့် အသိထက်ကျော်လွန်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အပေါ် စောင့်ရှောက်နိုင်ရန်ဆိုသည့်အသိ၊ တပ်ဖွဲ့ဝင်များ၏ အနုပညာကိုယ်ရည်ကိုယ်သွေးမြင့်မားရေးဆိုသည့် အသိများထိတိုင် ရှုမြင်ပြီး မဆုတ်မနစ်ကြိုးစားယှဉ်ပြိုင်လျှောက်လှမ်းသွားကြရန် လိုအပ်ကြောင်း။

အတိတ်သမိုင်းစဉ်တွင် အောင်မြင်စွာကမ္ပည်းထိုးနိုင်ခဲ့သည့် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး စစ်သည်တော်ကောင်းများနည်းတူ တပ်ဖွဲ့ဝင်များ၏ တစ်မူထူးခြားသည့် အနုပညာအရည်အသွေးကို မှတ်ကျောက်တင်ခံနိုင်၍ တပ်ဖွဲ့၏ဂုဏ်ကို ဆက်လက်မြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် မျိုးဆက်သစ်တပ်ဖွဲ့ဝင်များဖြစ်အောင် ကြိုးပမ်းလျှောက်လှမ်းသွားကြရန် လိုကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့များမှစစ်သည်၊စစ်သမီးများက တီးခတ်၊ သီဆို၊ ကပြဖျော်ဖြေတင်ဆက်မှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားတက်ရောက်လာကြသည့် အကဲဖြတ်အဖွဲ့အနုပညာရှင်ကြီးများနှင့် စစ်သည်၊ စစ်သမီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ တပ်ဖွဲ့တွင်း အဆို၊ အက၊ အရေး၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲများကို ကွပ်ကဲမှုအောက်တပ်များမှ စစ်သည်၊ စစ်သမီးများဖြင့်ပြုလုပ်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ခေတ်ဟောင်းတေး၊ ခေတ်ပေါ်တေး၊ ကာလပေါ်တေး၊ အငြိမ့်ပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ မြန်မာ့ဆိုင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု(စိတ်ကြိုက်) ယိမ်းအက၊ နှစ်ပါးသွားအက၊ ပြဇာတ်ပြိုင်ပွဲ၊ ခေတ်ပေါ်တီးဝိုင်း၊ မျက်လှည့်ပြိုင်ပွဲနှင့် အရေးပြိုင်ပွဲများ ပါဝင်ပြီး ဩဂုတ်လ ၂၆ ရက်မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ညောင်တုန်းမြို့နယ် ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ ၁၁/၅ နှင့် ၁၁/၇ အတွင်း ရေဝဲတိုးမှုကြောင့်တာအိပ်ပွဲကျမှုအား အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ချောင်းကြီးကျေးရွာအုပ်စု ချောင်းဖျားကျေးရွာရှိ ညောင်တုန်းကျွန်းတာ ၁၁/၅ နှင့် ၁၁/၇ အတွင်း ရေဝဲတိုးမှုကြောင့် ကမ်းပြိုကမ်းစား၍ အလျား ပေ ၃၀၀၊ အနံ ပေ ၆၀ ခန့် တာအိပ်ပွဲကျမှုအား တာတမံကြံ့ခိုင်ရေးအတွက် အရေးပေါ်ကာကွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် အနီးကပ်ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိပြီး ယမန်နေ့က နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့်အတူ မြစ်ကမ်းပြိုကျရာနေရာတွင် စက်ယန္တရား ခုနစ်စီး၊ သဲစုပ်စက်လှေ နှစ်စင်းတို့ဖြင့် ကမ်းရင်းတာအား တောင့်တင်းခိုင်မာမှုရှိစေရေး တုတ်တန်းရိုက်သဲအိတ်ချခြင်းလုပ်ငန်း၊ မိုးတွင်းကာလ အရေးပေါ်အခြေအနေကြုံတွေ့လာပါက ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ပန်းတာတည်ဆောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဩဂုတ်လ ၂၄ ရက်က လေးမျက်နှာမြို့နယ် ဝေန်တာနိမ့်ကျရေစီးဝင်သည့်နေရာမှ ရေစီးဆင်းရာလမ်းကြောင်းတစ်လျှောက် ချောင်း/မြောင်းများ၏ ရေစီးဆင်းနေမှု၊ ကျုံပျော်မြို့ရှိ ခဲဘောင်တံတား ဒါးကမြစ်ရေစီးဆင်းနေမှု၊ ကျောင်းကုန်းမြို့ ကျောင်းကုန်းတံတား ဒါးကမြစ်ရေစီးဆင်းနေမှု၊ ရေခလုတ်တံတား မင်းမနိုင်ချောင်း ရေစီးဆင်းမှု၊ ဒါးကမြို့ ဒါးကတံတား ရေစီးဆင်းမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ အုပ်ချုပ်ရေးအဖွဲ့များ၊ ဒေသနေပြည်သူများနှင့်တွေ့ဆုံပြီး ကောင်းမွန်စွာရေစီးဆင်းနိုင်ရန် အဟန့်အတားဖြစ်နေသော ပိတ်ဆို့နေသည့် သဲသောင်များနှင့် ဒိုက်ဖေဒါများကို ဖယ်ရှားရှင်းလင်းနိုင်ရေး၊ ရေမှတ်တိုင်များစိုက်ထူ၍ ရေစီးဆင်းမှုရေအမှတ်အတက်အကျများကို အချိန်အလိုက်စောင့်ကြည့်နိုင်ရေး၊ ချောင်း/မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေတိုရေရှည်အစီအမံများရေးဆွဲဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားသည်။

ထို့ပြင် ကန်ကြီးထောင့်မြို့ ကန်ကြီးထောင့်တာကြံ့ခိုင်မှု၊ ရေတံခါးများထိန်းသိမ်းထားရှိမှုနှင့် ရေကြည်မြို့နယ် အသုတ်မြို့ရှိ အသုတ်တံတား၊ အသုတ်ချောင်းရေစီးဆင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Minister of Foreign Affairs of SRV calls on President of the Republic of the Union of Myanmar U Min Aung Hlaing



President of the Republic of the Union of Myanmar U Min Aung Hlaing receives Minister of Foreign Affairs of the Socialist Republic of Vietnam H.E. Le Hoai Trung.

NAY PYI TAW August 26

A delegation led by Minister of Foreign Affairs of the Socialist Republic of Vietnam H.E. Le Hoai Trung paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this afternoon.

Also present at the meeting were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe and officials. The Vietnamese Minister of Foreign Affairs was accompanied by Vietnamese Ambassador to Myanmar H.E. Mr. Nguyen Anh Duc, Director-General of ASEAN Affairs, Southeast Asia, South Asia and South Pacific Department H.E. Mr. Nguyen Tat Thant and officials.

At the meeting, the President expressed his pleasure for the visit of the Minister of Foreign Affairs of Vietnam and the high-level delegation to Myanmar while the Myanmar government is serving the State responsibilities. Myanmar and Vietnam have enjoyed long-standing diplomatic relations, and they surpassed the 50th anniversary of diplomatic ties in 2025. Both nations share many religious and cultural similarities, as well as shared histories in their struggles for independence. Likewise, friendship and cooperation between the leaders of both nations have progressively flourished across successive eras, alongside strong defence cooperation. The goodwill visit of the Vietnamese Foreign Affairs Minister to Myanmar will further advance and consolidate the friendship and cooperation between the two countries.

The Vietnamese Foreign Affairs Minister stated that he was delighted by the warm and hearty welcome extended to his delegation. He explained **the purpose of his visit that he has come to pay this courtesy call upon being assigned by Mr. To Lam, President of Vietnam and General Secretary of the Communist Party of Vietnam, to convey an official invitation for Your Excellency the President to pay an official goodwill visit to Vietnam, and to express that your forthcoming visit will be warmly and gladly welcomed.** He was delighted that Myanmar is his first overseas destination since taking office as Foreign Minister. Throughout our shared history, the leaders of both nations have built bonds of friendship, which continue to remain strong and steadfast to this day. During Your Excellency the President's upcoming official goodwill visit to Vietnam, based on the solid friendship fostered over many years, he expressed his firm belief that the two countries will be able to open a new chapter and a new era for their mutual interests by further strengthening and advancing friendship and cooperation. Vietnam values Myanmar's sovereignty, territorial integrity, and right to self-determination. He stated that Your Excellency can rely on Vietnam as a trustworthy and reliable partner nation.

The President of Myanmar and the Vietnamese Minister of Foreign Affairs frankly discussed the further strengthening of existing friendship and relations as well as cooperation between the two countries, promotion of friendly relations and cooperation between governments, parliaments, armed forces and people between the two countries, prospects to expand new business areas and bilateral trade, cooperation and investment of both countries, the best efforts of Myanmar in cooperation with ASEAN, endeavours to enhance international relations, plans of Myanmar to attend the Cambodia, Laos, Myanmar and Vietnam Summit (CLMV Summit) and the Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit to be held in Vietnam, mutual support between Myanmar and Vietnam on the international stage, and standing as good friends and trustful and reliable comprehensive partners.

After the meeting, the President and the Vietnamese Minister of Foreign Affairs posed for documentary photos and cordially greeted each other.

**Myawady**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

●● From Page - 21
can soften and refine people's minds, and also awakens patriotic spirit and nationalistic fervour. In Myanmar history, Ngasishin Kyaw Swa composed a martial song by himself and the soldiers, holding shields, swords and spears sang the song and danced in chorus.

During the independence struggle, many patriotic songs appeared together with the Myanmar people's hope for independence. The power of the performing arts reawakened the national spirit of the entire Myanmar population, leading to the retrieval of independence.

Mobile public relations units, broadcasting units, Myawady TV units and newspaper units under the DPRPW are the ones that are interacting directly or indirectly with the people. In other words, they are the bridges between the Tatmadaw and people. Hence, they must strive to vitalize patriotism of the entire nationalities with their skilled branch of the performing arts.

The three tasks – to inform, to educate and to entertain – are the primary goals and duties of the units of DPRPW. To be able to perform the duties well, first, members of the units must have good psychological foundations such as innate nature, passion, and talent. From that stage, they must enter their chosen artistic field, whether it be literature, music, or the performing arts. In this way the task of public relations and psychological warfare, which is essential for the nation and the Tatmadaw, will become more effective.

The Commander-in-Chief of Defence Services has underscored that national culture is an ancestral heritage that must be cherished and preserved as being equivalent to life itself for all indigenous ethnic groups of the country. He emphasized that safeguarding Myanmar's fine arts—which have been possessed alongside independence since the dawn of ethnic histories—constitutes a profound act of protecting the nation's cultural heritage. He called for a deep and earnest understanding of this responsibility among all.

He further urged that current generations must collectively strive to instill in future generations a lasting appreciation for Myanmar's traditional cultural heritage, fostering a spirit of love, care, and preservation. He stressed the importance of passing down these positive values as a legacy, encouraging all to nurture a mindset that treasures Myanmar's cultural heritage.

He noted that participants in cultural competitions should look beyond mere performance and recognition, and instead embrace the deeper awareness of safeguarding Myanmar's traditional heritage and elevating the artistic character and discipline of service personnel. He called for unwavering perseverance and commitment in their endeavors.

Drawing a parallel to the exemplary public relations and morale operations of past soldiers who left their mark on history, the Commander-in-Chief of Defence Services urged new-generation troops to strive to uphold the distinctive artistic qualities of the armed forces, ensuring that the military's honor is continuously elevated and preserved.

Following the address, the Commander-in-Chief of Defence Services and attendees enjoyed performances—including musical renditions, vocal pieces, and dances presented by servicemen and servicewomen from units under the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army).

After the ceremony, the Commander-in-Chief of Defence Services and party cordially greeted and exchanged pleasantries with the panel of esteemed artist-judges, as well as the participating servicemen and servicewomen.

The competitions, organized under the DPRPW, feature a wide array of artistic categories—including vocals, dance, literary, instrumental, traditional theatrical performance, stage plays, and magic competitions involving servicemen and servicewomen from subordinate units. Events include oldies, modern and contemporary songs; traditional stage performances; dance contests; Myanmar traditional orchestra (Hsaing) competitions; traditional Yein (group dance) and duet dances; plays; modern bands; magic shows; and literary contests. The competitions are scheduled to run from August 26 to September 1. **100**

# Tatmadaw columns apprehend 3 online fraud and gambling perpetrators along with operational equipment in Mongyai Township, Shan State (North)

NAY PYI TAW August 26

As online fraud and online gambling syndicates pose a growing threat to global socio-economic stability and national security, the Government has been actively undertaking eradication efforts as a national duty. In addition to effectively investigating and combating operations based primarily in border areas, rigorous arrests and legal actions are also being taken against perpetrators operating domestically. Amid these heightened efforts, Tatmadaw columns have uncovered and apprehended three perpetrators engaged in online fraud and gambling, along with their operational equipment, in Mongyai Township, Northern Shan State.




Residential huts and operational tents used in online fraud and gambling operations.

Acting on tip-offs from responsible local residents reporting that online scam and gambling operators were basing their activities in makeshift temporary huts within Mongyai Township, Northern Shan State, Tatmadaw columns tracked actionable leads and conducted area clearance operations. This morning, approximately 26,000 meters southeast of Mongyai and 5,000 meters south of Manhpai Village, security forces arrested three Chinese men who had entered Myanmar illegally and were operating online scam and gambling activities. During the operation, security forces seized a 50 ft by 20 ft building constructed with bamboo-mat walls and a corrugated tin roof, five temporary canvas tents of varying sizes (20 ft by 10 ft, 10 ft by 15 ft, 15 ft by 10 ft, 20 ft by 15 ft, and 20 ft by 20 ft), 25 assorted mobile phones, five all-in-one computers, two power stations, one Starlink satellite internet device, 10 walkie-talkies, and other related operational accessories.

Following necessary interrogations and investigations, strict legal action will be taken against the arrested perpetrators in accordance with existing laws, and the seized equipment will be processed according to established procedures. Furthermore, the illegally constructed residential and operational huts will be systematically dismantled and destroyed. Authorities have reaffirmed that eradication operations will continue actively with sustained momentum to prevent the establishment of such operations and eliminate online scam and gambling rings completely. **100**

# Tomato in high demand at domestic market in Pathein Township

PATHEIN August 26

"Trading of tomato is booming at the domestic market in Pathein Township of Ayeyawady Region," said Daw Win Myint, the owner of green grocery trading depot in Pathein Township.

At the vegetable market in Pathein, demand for tomatoes has been strong and trading has remained good from the first week of April this year up to the present, according to reports. Tomatoes produced in the region are reportedly being traded at volumes of between 5,000 and 6,500 viss per day.

"Tomatoes are selling very well in the Pathein market. Buyers are purchasing large quantities even at the local produce market. The tomatoes being traded are free from pests and are of good quality. This year's tomatoes are reported to have both high quality and good yields," said Daw Win Myint.

Tomatoes are cultivated in Pathein Township, while additional supplies are also purchased and distributed from other regions. Tomatoes with strong market demand fetch Ks-4,000 to Ks-6,500 per viss, according to market sources.

**SK**

# Chinese President Xi Jinping to attend SCO summit in Bishkek




BEIJING August 26

Chinese President Xi Jinping will attend the Shanghai Cooperation Organization (SCO) summit in Bishkek, the Chinese Foreign Ministry said on Wednesday.

"Chinese President Xi Jinping will attend the Shanghai Cooperation Organization summit in Bishkek on August 30-September 3, and will also pay state visits to Kyrgyzstan and Egypt," the statement said.

As part of this trip, he will also pay state visits to Kyrgyzstan and Egypt.

Xi plans to discuss international and regional agendas with the leaders of the Shanghai Cooperation Organization (SCO) member states during the upcoming SCO summit in Bishkek, Chinese Foreign Ministry spokesman Lin Jian said on Wednesday.

"During this year's summit in Bishkek, Chinese President Xi Jinping will hold an in-depth exchange of views with the leaders of the Shanghai Cooperation Organization member states on deepening cooperation across various fields within the framework of the organization under new conditions, as well as on major international and regional issues," Lin told a briefing.

The Chinese leader, together with heads of state from other countries, will formulate a plan and measures to ensure high-quality development of the SCO, as well as the organization's involvement in reforming and building the global governance system, the diplomat added.

Earlier, Russian Presidential Press Secretary Dmitry Peskov announced that Russian President Vladimir Putin plans to attend the Shanghai Cooperation Organization summit, which will be held in Bishkek.

The SCO is an international organization founded in 2001. It is made up of Belarus, China, India, Iran, Kazakhstan, Kyrgyzstan, Pakistan, Russia, Tajikistan and Uzbekistan. Its partner countries are Azerbaijan, Armenia, Afghanistan, Bahrain, Cambodia, Egypt, Kuwait, Laos, the Maldives, Mongolia, Myanmar, Nepal, Qatar, Saudi Arabia, Sri Lanka, Turkey and the United Arab Emirates.

**Sputnik**

# Scientists turn plastic bottles into protein-rich cookies


WASHINGTON August 26

Scientists at Southern Illinois University Carbondale (SIU) have developed a way to make 3D-printed cookies using genetically engineered yeast to produce protein and nutrients from plastic and agricultural waste.

The project aims to tackle two of the planet's crises: plastic waste accumulation and food insecurity.

The team first set out to develop ways to make use of waste plastics, Lahiru Jayakody, an associate professor of microbiology at Southern Illinois University said in an interview with the American Chemical Society (ACS) published on Monday.

"We thought, why not focus on making food? Because plastic is carbon and food is carbon," he said.



The process starts by breaking down plastic and plant waste with water and oxygen under high temperature and pressure. Genetically engineered yeasts then consume the resulting compounds and produce proteins, fats, and acids. With the addition of fiber, starch, and sweetener, the resulting mix is fed into a 3D printer which molds the paste into any desired shape.

With this technology, the scientists created small protein-rich cookies they dubbed "$\mu$ Bites" or "microbites." They are waiting for the safety go-ahead from their university to actually taste-test them, however.

The novel technology could be useful in hostile environments, according to Jayakody.

"If you want to produce food in a very extreme environment using the resource you have, carbon resource waste like Arctic, or the desert, and potentially one day in the Mars or the lunar surface, microbeids can do that job," he told Reuters.

SIU researchers have been developing the technology since 2021, when their $\mu$Bites concept was selected for NASA's Deep Space Food Challenge.

The news comes as scientists are paying closer attention to how plastic already unintentionally enters the human food chain.

Researchers have reported microplastics and even smaller nanoplastics in human tissues. A 2025 study published in Nature Medicine detected them in the liver, kidneys, and brain, while a 2026 review published last month said particles had also been found in blood, placenta, and heart tissue.

**RT**

# 1,1000-year-old statue of human riding leopard unearthed in SE Türkiye



ANKARA August 26

Archaeologists have uncovered an 11,000-year-old stone sculpture showing a human figure seated on a leopard at Karahantepe, a neolithic site in southeastern Türkiye, Culture and Tourism Minister Mehmet Nuri Ersoy said Tuesday.

In a social media post, Ersoy said the 70-cm sculpture, which was unearthed at Karahantepe near the city of Sanliurfa this year, was found on a bench against the wall of a circular structure about 3 meters in diameter.

Minister Ersoy called the find a "unique sculpture" and said its artistic style had not previously been identified at the prehistoric settlement.

Karahantepe is part of an archaeological site that encompasses a group of Neolithic sites dating back more than 10,000 years.

In the Neolithic period, communities in the region were transitioning from mobile hunter-gatherer lifestyles toward more settled forms of life. Excavations in the region have revealed monumental structures and sophisticated artwork, providing evidence of complex social and ritual practices long before the emergence of cities and written records.

"I believe this discovery, which opens the door to new questions about the earliest periods of human history, will resonate widely in the scientific community," the Minister added.

**Xinhua**

# Putin, Syria's interim leader discuss bilateral ties, military facility reorganization

MOSCOW August 26

Russian President Vladimir Putin held a phone conversation with Syrian interim leader Ahmed al-Sharaa on Wednesday to discuss expanding political dialogue and collaboration in trade, economy and humanitarian affairs.

"Both sides noted the importance of the Memorandum of Understanding signed on Aug. 9 on the reorganization of the Khmeimim Airbase and the Tartus logistics support point," said the Kremlin.

The memorandum confirms that civilian facilities will be transferred under Damascus's control, while Russian military bases will be transformed into joint training centers. The relevant restructuring work will be completed within three months.

Putin reaffirmed Russia's support for Syria's unity, territorial integrity and sovereignty, and for creating conditions for long-term normalization and post-conflict reconstruction.

**Xinhua**

# Vice President U Nyo Saw receives Saudi Arabian Ambassador to Myanmar H.E. Mr. Maziad Mohammed Maziad M. Alhowishan

NAY PYI TAW August 26

Vice President U Nyo Saw received Saudi Arabian Ambassador to Myanmar H.E. Mr. Maziad Mohammed Maziad M. Alhowishan at the Presidential Palace Diplomatic Reception Hall in Nay Pyi Taw this afternoon.

During the meeting, they warmly and openly exchanged views on the successful holding of the free and fair 2025 Multiparty Democracy General Election, Myanmar's progress, international relations, peace efforts, economic developments, sector-wide development initiatives, and the enhancement of bilateral relations, investment, trade, agriculture, livestock, and multi-sectoral cooperation between Myanmar and Saudi Arabia.

The meeting was attended by the Vice President alongside Deputy Minister for the Office of the President U Khin Latt, Deputy Minister for Foreign Affairs U Ko Ko Kyaw, and officials, while the Saudi Arabian Ambassador was accompanied by officials from the Embassy of Saudi Arabia. **Myawady**



Vice President U Nyo Saw receives Saudi Arabian Ambassador to Myanmar H.E. Mr. Maziad Mohammed Maziad M. Alhowishan.

# 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions open

## Commander-in-Chief of Defence Services General Ye Win Oo delivers address

NAY PYI TAW August 26

The 19th Intra-Military Performing Arts, Anyeint, Drama and Magic Show Competitions of the Directorate of Public Relations and Psychological Warfare of the Office of the Commander-in-Chief (Army) was inaugurated in Hsinphyushin Hall, Transit Centre, Nay Pyi Taw this morning, attended by Commander-in-Chief of Defence Services General Ye Win Oo. The Competitions were held with the aim to preserve and protect Myanmar traditional cultural performing arts continuously, to vitalize patriotism based on nationalistic fervour and national pride in the hearts of every citizen through fine arts, and to properly and systematically develop the artistic qualities of the soldiers to become new generation experts by acquiring genuine artistic heritages from veteran and seasoned artists and senior technicians.



General Ye Win Oo cordially greets and exchanges pleasantries with judges.

Also present at the ceremony together with the Commander-in-Chief of Defence Services were Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) General Kyaw Swa Lin, union ministers, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, judges, who are veteran and seasoned artists and senior technicians, invited guests and soldier contestants.

Chairman of the Morale and Public Relations Committee Adjutant-General Lt-Gen Zaw Hein and Director of DPRPW Maj-Gen Ye Yint Aung formally inaugurated the Competitions.

In his speech, General Ye Win Oo said the objectives of the intra DPRPW Competitions are to further raise the artistic skills of servicemen and servicewomen of the units under the command of DPRPW, to preserve Anyeint and promote its standard, to enable genuine Myanmar performing arts to stand with dignity, to enhance the quality of the art of Anyeint and Myanmar orchestra, to achieve greater success in shouldering the primary duties and goals of DPRPW, which are, to inform, to educate and to entertain and to enhance the artistic skills that vitalize patriotism.

Literature, music and fine arts

**See Page - 19**





Commander-in-Chief of Defence Services General Ye Win Oo enjoys the performance of units under the Directorate of Public Relations and Psychological Warfare.

# ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ရောဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်(၆)မြို့နယ်ရှိ ရပ်ကွက်(၂၀)ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ ကူညီကယ်ဆယ်ရေးနှင့်တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ရေဘေးသင့်ပြည်သူများအတွက် သောက်ရေသန့်နှင့် စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် Geobags သဲအိတ်ကြီးများချ၍ ကာကွယ်ခြင်းဆောင်ရွက်စဉ်။

နေပြည်တော် ဩဂုတ် ၂၆

ရောဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင်လ ၃၀ ရက်ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝေန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားလျက်ရှိရာ လေးမျက်နှာမြို့နယ်အတွင်း ဩဂုတ်လ ၁၄ ရက်တွင် ဝေန်မြစ်ရေသည် ၇ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ရာမှ ယနေ့တွင် ၅ ပေ ၈ လက်မခန့်သာကျန်ရှိသဖြင့် ၂ ပေခန့် ကျဆင်းသွားခဲ့ကြောင်း၊ ရေကြည်မြို့နယ်၌ ဩဂုတ်လ ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်ထိအမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ ၄ လက်မခန့်သာ ကျန်ရှိသဖြင့် ၁၀ လက်မခန့် ကျဆင်းသွားခဲ့ကြောင်းနှင့် ငါးသိုင်းချောင်းမြို့တွင် ဝေန်မြစ်ရေသည် ဩဂုတ်လ ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်ထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၁၀ ပေ ၃ လက်မခန့်သာကျန်ရှိသဖြင့် ၆ လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရှိရသည်။

အဆိုပါဒေသများရှိရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရ၏လမ်းညွှန်မှုနှင့်အတူ ရေဘေးကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားရှိပြီး အရေးပေါ်ကူညီကယ်ဆယ်နိုင်ရေးအတွက်အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ပေးခြင်း၊ စားသောက်ဖွယ်ရာများလိုက်လံပို့ဆောင်ပေးခြင်းနှင့်အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ဝေန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုရန် Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ဝေန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား ၃ ဦးအား တွေ့ရစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း ဖမ်းဆီးရမိသော အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လူနေတဲများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှု နေရာပြမြေပုံ။




နေပြည်တော် ဩဂုတ် ၂၆

ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ အထူးသဖြင့် နယ်စပ်ဒေသများတွင်အခြေပြုပြီး လုပ်ကိုင်နေမှုများကို ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်တိုက်ဖျက်နေသကဲ့သို့ ပြည်တွင်း၌ကျူးလွန်နေသူများကိုလည်း ပြင်းပြင်းထန်ထန် ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့အရှိန်အဟုန်ဖြင့် တက်ကြွစွာဆောင်ရွက်လျက်ရှိရာ တပ်မတော်စစ်ကြောင်းများက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ ၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မိုင်းရယ်မြို့နယ်အတွင်း **စာမျက်နှာ ၂၃ သို့**

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဩဂုတ် ၂၆

အမျိုးသမီးငယ်များကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်လိုက်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရေပုတ်ကျေးရွာနေ အမျိုးသမီးတစ်ဦးကို တစ်ရွာတည်းနေ မျိုးမင်းဟိန်း(ခ)မျိုးကျော်(ခ)ဟိန်းကိုနှင့် ဇနီးဖြစ်သူ မေသကြိန်မိုး(ခ) သကြိန်တို့က တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားဆောင်ရွက်ပါက တစ်နှစ်လျှင် ငွေကျပ်သိန်း ၇၀ ရရှိမည်၊ လမ်းစရိတ်ကုန်ကျခံပေးမည်၊ လမ်းခရီးတွင် ဆက်သွယ်ရန် ဖုန်းဝယ်ပေးမည်ဟု လိမ်လည်ပြောဆိုစည်းရုံးပြီး မူဆယ်မြို့မှ တစ်ဆင့်တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန်ခေါ်ဆောင်လာကြောင်း စိစစ်သိရှိရသဖြင့် မြစ်ငယ်နယ်မြေရဲစခန်း(ပ)၇၁/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ်လ ၂၁ ရက်တွင် အမရပူရခရိုင်တရားရုံးက ဖမ်းမိတရားခံ မျိုးမင်းဟိန်း(ခ) မျိုးကျော်(ခ)ဟိန်းကိုနှင့် မေသကြိန်မိုး(ခ) သကြိန်တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ပြည်နယ် စစ်တွေမြို့နေ အမျိုးသမီးနှစ်ဦးကို တစ်မြို့တည်းနေ ဒေါ်ခင်ခင်အေးက တရုတ်အမျိုးသားနှင့် လက်ထပ်ပါက ငွေကျပ်သိန်း ၇၀ ရရှိမည်၊ တစ်နှစ်ပေါင်းသင်းရမည်၊ ကလေးမွေးပေးရမည်ဟုစည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံနေ မစံအေးနုနှင့်ချိတ်ဆက်၍ တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ခေါ်ဆောင်လာစဉ် စစ်တွေလေဆိပ်၌ ဖမ်းဆီးရရှိခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း (ပ)၁၂၀/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ဩဂုတ်လ ၂၂ ရက်တွင် စစ်တွေခရိုင်တရားရုံးက ဖမ်းမိတရားခံ ဒေါ်ခင်ခင်အေးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မစံအေးနုကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်းသိရသည်။

**မြဝတီ**





**အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများအား တွေ့မြင်ရစဉ်။**

➧ စာမျက်နှာ ၂၂ မှ

အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်သူများသည် ယာယီလူနေတဲများဆောက်လုပ်၍အခြေပြုခိုအောင်းလုပ်ကိုင်လျက်ရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းများက သတင်းကွင်းဆက်ရယူဖော်ထုတ်၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် မိုင်းရယ်မြို့၏အရှေ့တောင်ဘက် မီတာ ၂၆၀၀၀ ခန့်အကွာ၊ မန်ဖိုင်ကျေးရွာ၏ တောင်ဘက် မီတာ ၅၀၀၀ ခန့်အကွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော်ဝင်ရောက်လာသော တရုတ်နိုင်ငံသား အမျိုးသား ၃ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့်အလျား ၅၀ ပေ အနံ ၂၀ ထရံကာသွပ်မိုး အဆောက်အအုံ ၁ လုံး၊ အလျား ၂၀ ပေ အနံ ၁၀ ပေ ယာယီရွက်ဖျင်တဲ ၁ လုံး၊ အလျား ၁၀ ပေ အနံ ၁၅ ပေ ယာယီရွက်ဖျင်တဲ ၁ လုံး၊ အလျား ၁၅ ပေ အနံ ၁၀ ပေ ယာယီရွက်ဖျင်တဲ ၁ လုံး၊ အလျား ၂၀ ပေ အနံ ၁၅ ပေ ယာယီရွက်ဖျင်တဲ ၁ လုံး၊ အလျား ၂၀ ပေ အနံ ၂၀ ပေ ယာယီရွက်ဖျင်တဲ ၁ လုံး၊ ဖုန်းမျိုးစုံ ၂၅ လုံး၊ All In One ကွန်ပျူတာ ၅ လုံး၊ Power Station ၂ လုံး၊ Star Link ၁ လုံး၊ စကားပြောစက် ၁၀ လုံး၊ အခြားလုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ထိုသို့ဖမ်းဆီးရမိခဲ့သည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများအား စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာပြင်းပြင်းထန်ထန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကိုလည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် တရားမဝင် ဆောက်လုပ်ထားသည့် လူနေတဲများနှင့် လုပ်ငန်းသုံးတဲများကိုလည်း စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အခြေချလုပ်ကိုင်နိုင်ခြင်း မရှိစေရေးနှင့် အပြီးတိုင် ပပျောက်စေရေးတို့အတွက် အမြစ်ပြတ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မပြတ် အထူးအလေးထား၍ တက်ကြွစွာဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)


➤ MFF ယူ-၁၉ မှ

ကျင်းပရာ PACIFIC SUN FAR အသင်း၊ YCDC DREAM TEAM နှင့် JV အသင်းတို့ သုံးပွဲဆက် နိုင်ပွဲများရရှိခဲ့ကြသည်။

ယနေ့ယှဉ်ပြိုင်မှုတွင် ပွဲစဉ်ခြောက်ပွဲပါဝင်ပြီး နံနက်ပိုင်းပြိုင်ပွဲ အဆင့်(၇)နေရာမှ JV အသင်းနှင့် အဆင့်(၉)နေရာမှ ROYAL NOKA အသင်းတို့ပွဲတွင် JV အသင်းက ၃ ဂိုး-၁ ဂိုးဖြင့်လည်းကောင်း၊ အဆင့် (၁)နေရာမှ PACIFIC SUN FAR အသင်းနှင့် အဆင့်(၂)နေရာမှ MIU အသင်းတို့ပွဲတွင် PACIFIC SUN FAR အသင်းက ၅ ဂိုး-၁ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၃)နေရာမှ YRG အသင်းနှင့် အဆင့်(၈)နေရာမှ UNITED CITY အသင်းတို့ပွဲတွင် YRG အသင်းက ၉ ဂိုး-၂ ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ထို့အတူ နေ့လယ်ပိုင်းတွင် အဆင့်(၅)နေရာမှ ULAD အသင်းနှင့် အဆင့်(၁၀)နေရာမှ SHWE PYI THAR အသင်းတို့ပွဲတွင် ULAD အသင်းက ၁၂ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ အဆင့်(၄)နေရာမှ YCDC DREAM TEAM အသင်းနှင့် အဆင့်(၆)နေရာမှ GOLD DREAM အသင်းတို့ပွဲတွင် YCDC DREAM TEAM အသင်းက ၅ ဂိုး-၂ ဂိုးဖြင့်လည်းကောင်း၊ အဆင့်(၁၂)နေရာမှ MINGALARDON CITY အသင်းနှင့် အဆင့် (၁၁)နေရာမှ BURMESE WARRIORS အသင်းတို့ပွဲတွင် MINGALARDON CITY အသင်းက ၆ ဂိုး-၂ ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြကြောင်းသိရသည်။

**ဝန်းရံခ**




❒ ကျောဖုံးမှအဆက်

မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ်လ ၃၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း “နာရာ”(NARRA)မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်ထားပါသည်။

(မိုး/ဇလ)

# သက်ကြီးဘိုးဘွားများအား ကျန်းမာရေး စောင့်ရှောက်မှုပေး

လှည်းကူး ဩဂုတ် ၂၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်သူ့ဆေးရုံ Elderly Clinic ၌ ယနေ့နံနက်ပိုင်းတွင် သက်ကြီးဘိုးဘွားများအား ကျန်းမာရေးအခမဲ့စောင့်ရှောက်မှုပေးခြင်း ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘိုးဘွား ၂၁၃ ဦး လာရောက်ကုသမှုခံယူခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်။ ထို့ပြင် သွားဘက်ဆိုင်ရာဆရာဝန် ဒေါက်တာတင်နိုင်က ဘိုးဘွား ၂၁ ဦးအားလည်းကောင်း၊ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပြည့်ပြည့်ဖြိုး ဦးစီးအဖွဲ့က ဘိုးဘွား ၅၅ ဦးအားလည်းကောင်း တိုင်းရင်းဆေးပညာဖြင့်ပူးပေါင်း၍ စောင့်ရှောက်မှုပေးခဲ့သည်။ ထို့နောက် လှည်းကူးမြို့နယ် ခရောင်ကျေးရွာမှ ဒေါ်သဇင်ဌေးက ဘိုးဘွားများကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဖိုးအလှူငွေကျပ် ၁၀ သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

(၆၀၄)

# မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၈)ရက် (သောကြာနေ့)သည် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) ဖြစ်ပါသဖြင့် ဓမ္မပူဇာတေးသီချင်းများကို မြန်မာ့အသံဆိုင်းဝိုင်းကြီးအဖွဲ့နှင့်အတူ ပြင်ပအဆိုရှင်များဖြင့် စုပေါင်း၍ **“မေတ္တာဝေသံဆန်း”** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၂၈–၈–၂၀၂၄)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “မေတ္တာဝေသံဆန်း” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သမ္ဗုဒ္ဓေ | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | မြတ်ဒေသနာ | ပြင်ပအဆိုရှင် |
| ၃။ | အောင်စေ | ပြင်ပအဆိုရှင် |
| ၄။ | ဂုဏ်တော်ဖွင့် | ပြင်ပအဆိုရှင် |
| ၅။ | မေတ္တာဝေသံဆန်း | တူယှဉ်နွဲ့ပျော်ဂီတပွဲတော် ဆုရအဆိုရှင် |
| ၆။ | ဗုဒ္ဓဝင် | ပြင်ပအဆိုရှင် |
| ၇။ | ဝိပဿနာ | ပြင်ပအဆိုရှင် |
| ၈။ | မေတ္တာ | ပြင်ပအဆိုရှင် |
| ၉။ | သုဝဏ္ဏသျှံ | ပြင်ပအဆိုရှင် |
| ၁၀။ | စိန္တာမဏိဂါထာ | ပြင်ပအဆိုရှင် |

# မွန်ပြည်နယ် ၂၀၂၄ ခုနှစ် မိုးရာသီ ပေါင်မြို့နယ် အလှပ်ကျေးရွာ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**မော်လမြိုင် ဩဂုတ် ၂၆**

မွန်ပြည်နယ် ၂၀၂၄ ခုနှစ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပေါင်မြို့နယ် အလှပ်ကျေးရွာအုပ်စု ဆယ်အိမ်စုရပ်ပင်လယ်ကမ်းခြေတွင်ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက ဖြူးရွှေဝါ၊ သမဲ့၊ ပင်လယ်ကဗွီး၊ မာလာလူးကာ အစရှိသည့် ဒီရေတောသစ်ပင် ၁၅၀၀ ကို တပျော်တပါးစုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ဒီရေတောသစ်ပင်များ စိုက်ပျိုးနေမှုနှင့် စိုက်ပျိုးထားရှိသော ဒီရေတောစိုက်ခင်းကေများဖြစ်ထွန်းနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မုတ္တမမြို့ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး သံလွင်သင်္ဘောကျင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် ဒေသတွင်း စက်မှုလက်မှုအတတ်သင်ကျောင်းများ၊ နည်းပညာတက္ကသိုလ်များ၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ကာ လူငယ်များအား သင်္ဘောကျင်းတွင်လက်တွေ့ကွင်းဆင်းလေ့လာသင်ယူခွင့်များ စီစဉ်ပေးရန်နှင့် လုပ်ငန်းကျွမ်းကျင်၍စိတ်ပါဝင်စားသော လူငယ်များကို အမြဲတမ်းဝန်ထမ်းများအဖြစ် ရွေးချယ်ခန့်ထားနိုင်ရေး အလေးထားဆောင်ရွက်ကြရန်မှာကြားခဲ့ပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)


**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် ဩဂုတ် ၂၆**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ(အလယ်)တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တပညာဇောတ သက်တော် ၈၁ နှစ်၊ သိက္ခာ ၆၁ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် (၂၆–၈–၂၀၂၄)၊ ဗုဒ္ဓဟူးနေ့နံနက် ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ မြဝတီ

## နိုင်ငံတော်ဩဝါဒါစရိယဆရာတော် မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၁၀)ရပ်ကွက် မဟာဝိသုတာရာမ(အလယ်)တိုက်၊ ဦးစီးပဓာနနာယက ဘဒ္ဒန္တပညာဇောတ (အဘိဓဇမဟာရဋ္ဌဂုရု)၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ ခမည်းတော် ဦးဘလေး + မယ်တော် ဒေါ်စုတို့က ၁၃၀၇ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၁၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ရေစကြိုမြို့နယ်၊ ဝါးဘိုးကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုသလကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၂၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် ရေစကြိုမြို့နယ်၊ ပခန်းကြီးသက်ကျေးရွာ၊ ပေါ်တော်မူကျောင်းတိုက်၊ ခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရကို ဥပဇ္ဈာယ်ပြု၍ ပခန်းကြီးမြို့မရပ်ကွက်နေ ဦးဘိုရှိန်း+ ဒေါ်တင်မြ မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း**

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဝါးဘိုးကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကုသလ၊ ညောင်ပင်ကျေးရွာ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရွာသာကျေးရွာ၊ ကန်သာယာကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တဉာဏုတ္တရ၊ ပခန်းကြီးသက်ရွာ၊ ပေါ်တော်မူ ကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရ၊ မြင်းခြံမြို့၊ ရွှေဘုံသာတိုက်၊ အလယ်ကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မသာမိ၊ ကိုးဆောင်တိုက်၊ ပခုက္ကူကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘိတ၊ မိတ္ထီလာမြို့၊ ပထမကျော်ဓမ္မာစရိယတိုက်သစ်ဆရာတော် ဘဒ္ဒန္တစန္ဒိမာ၊ ပခုက္ကူမြို့၊ မဟာဝိသုတာရာမ(အလယ်)တိုက် ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတာဘိဝံသ၊ ဘဒ္ဒန္တပညိန္ဒ၊ ဘဒ္ဒန္တကေလာသ၊ ဘဒ္ဒန္တဝိစာရ စသော စာချအကျော် ဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး “သာသနဓဇဓမ္မာစရိယဘွဲ့” ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် ပခုက္ကူမြို့၊ မဟာဝိသုတာရာမ (အလယ်)တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ စာပေကျမ်းဂန်များ ရေးသားပြုစုတော်မူခဲ့ခြင်းနှင့် ပခုက္ကူတိပိဋကပါဠိ+မြန်မာအဘိဓာန် ကျမ်းပြုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရနိကာယ်စာမေးပွဲ ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် အစိုးရနိကာယ်စာမေးပွဲ ပညာရေးဗဟိုအဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဥက္ကဋ္ဌဆရာတော်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိသိမ်ပေါင်း ၄၀ ကျော်တို့ကို ဦးဆောင်၍ သမုတ်တော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီးဝိနည်းဓိုရ်၊ မြို့နယ်သံဃနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင်၊ မကွေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့၊ ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် ယနေ့အထိ နိုင်ငံတော်ဩဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတလဒ္ဓလဥ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၄ ခုနှစ်တွင် **“အဘိဓဇမဟာရဋ္ဌဂုရု”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၁ နှစ်၊ သိက္ခာ ၆၁ ဝါအရ ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် (၂၆–၈–၂၀၂၄)၊ ဗုဒ္ဓဟူးနေ့၊ နံနက် ၄ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

## သတင်းတိုများ

### ကနေဒါက အမေရိကန်ကို တုံ့ပြန်အခွန်တိုးကောက်

**အော့တဝါ၊ စီးပွားရေး**

အမေရိကန်က ကနေဒါမှသွင်းကုန်များကို အခွန်တိုးကောက်လိုက်ပြီးနောက် ကနေဒါကလည်း အမေရိကန်ကိုတုံ့ပြန်တဲ့အနေနဲ့ သွင်းကုန်အခွန်များကိုတိုးမြှင့်ကောက်ခံလိုက်ပါတယ်။ ကနေဒါဘက်က အမေရိကန်မှတင်သွင်းတဲ့ အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့်တန်ဖိုးရှိ ကုန်ပစ္စည်းအမျိုးပေါင်း ၇၀၀ ကျော်ကို သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံလိုက်တာပါ။

ဒ့ါအပြင် ကနေဒါက ပြည်တွင်းစီးပွားရေးလုပ်ငန်းများနဲ့အလုပ်သမားများကို ကနေဒါဒေါ်လာ ၇ ဘီလီယံခွဲထောက်ပံ့ပေးမယ့်အစီအစဉ်ကိုလည်း အတည်ပြုလိုက်ပါတယ်။ ကနေဒါက အမေရိကန်သွင်းကုန်အပေါ် အခွန်တိုးမြှင့်ကောက်ခံရာမှာ ၁၅၊ ၂၅ နဲ့ ၅၀ ရာခိုင်နှုန်းဆိုပြီး အဆင့်သုံးဆင့်နဲ့ ကောက်ခံသွားမှာဖြစ်ပါတယ်။ **Ref: Xinhua**

### ပါကစ္စတန်၌ ဆေးရုံမီးလောင် ကလေး ၁၄ ဦး သေဆုံး

**အစ္စလာမ်မာဘတ်၊ မီးလောင်မှု**

ပါကစ္စတန်နိုင်ငံ အစ္စလာမ်မာဘတ်မြို့ရှိဆေးပညာသိပ္ပံဆေးရုံမှာ ဩဂုတ်လ ၂၆ ရက်က မီးလောင်မှုတစ်ခုဖြစ်ပွားပါတယ်။ အဲဒီမီးလောင်မှုအတွင်း သားဖွားမီးယပ်ဆောင်မှာတက်ရောက်နေတဲ့ မွေးကင်းစကလေးငယ် ၁၄ ဦးသေဆုံးသွားတယ်လို့ ဒေသတွင်းသတင်းဌာနများက ဖော်ပြထားပါတယ်။

ကျန်ရှိတဲ့ကလေးတွေကိုတော့ ကယ်ဆယ်လိုက်နိုင်တယ်လို့ တာဝန်ရှိသူများကဆိုပါတယ်။ အဲဒီမီးလောင်မှုက အဲကွန်းအပူလွန်ကဲရာမှစတင်ခြင်းဖြစ်တယ်လို့လည်းသိရပါတယ်။ **Ref: Xinhua**

### အီရန်-အိုမန် သဘောတူညီချက်ကြောင့် ရေနံဈေးကျဆင်း

**တီဟီရန်၊ ကုန်သွယ်ရေး**

အီရန်နိုင်ငံနဲ့အိုမန်နိုင်ငံတို့က ဟော်မုဇ်ရေလက်ကြားကနေဖြတ်သန်းသွားတဲ့ သင်္ဘောများကို အကောက်ကောက်ပြီး ရရှိလာတဲ့အကောက်ကို ခွဲဝေဖို့သဘောတူညီချက်ရရှိပြီလို့ အစ္စလာမ်မစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ဩဂုတ်လ ၂၆ ရက်မှာပြောပါတယ်။

ဒီသဘောတူညီချက်ကြောင့် ဟော်မုဇ်ရေလက်ကြားပြန်ပွင့်လာနိုင်တဲ့အတွက် ရေနံဈေးနှုန်းက သုံးရက်ဆက်တိုက်ကျဆင်းလာတာတွေ့ရပါတယ်။ ဘရန့်ရေနံစိမ်းက တစ်စည်ကို ၈၆ ဒေါ်လာနဲ့ WTI ရေနံစိမ်းက ဒေါ်လာ ၈၀ အထိကျဆင်းလာတာဖြစ်ပါတယ်။ **Ref: Xinhua, AGC**

## သိပ္ပံပညာရှင်များက ပလတ်စတစ်ဘူးများကို ပရိုတင်းပြည့်ဝတဲ့ကွတ်ကီးများအဖြစ်ပြောင်းလဲ

**စပရင်းဖီး၊ သိပ္ပံ**

တောင်အီလီနွိုက်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ထူးဆန်းစွာပဲ ကွတ်ကီးများကို သရီးဒီပရင်တာနဲ့ထုတ်လိုက်နိုင်ပါတယ်။ သူတို့က ပလတ်စတစ်ဘူးများနဲ့ စိုက်ပျိုးရေးထွက်စွန့်ပစ်ပစ္စည်းများကို သုံးပြီး ပရိုတင်းဓာတ်ပြည့်ဝတဲ့ကွတ်ကီးများကိုထုတ်လုပ်လိုက်တာပါ။

သိပ္ပံပညာရှင်များရဲ့တီထွင်မှုက ကမ္ဘာကြီးမှာရင်ဆိုင်နေရတဲ့ ပြဿနာကြီးနှစ်ရပ်ဖြစ်တဲ့ ပလတ်စတစ်အမှိုက်စွန့်ပစ်မှုနဲ့ စားနပ်ရိက္ခာဖူလုံရေးတို့ကို ပြေလည်သွားစေနိုင်ပါတယ်။ ပညာရှင်များက ပလတ်စတစ်နဲ့ အပင်စွန့်ပစ်ပစ္စည်းများကို ပြင်းထန်တဲ့အပူချိန်နဲ့ဖိအားအောက်မှာရေနဲ့ အောက်ဆီဂျင်ကိုအသုံးပြုပြီး ဖြိုခွဲလိုက်ပါတယ်။ ပြီးတော့ မျိုးရိုးဗီဇပြုပြင်ထားတဲ့ တဆေးက အပေါ်ကဖြိုခွဲလို့ထွက်ရှိလာတဲ့ ဒြပ်ပေါင်းတွေနဲ့ဓာတ်ပြုပြီး ပရိုတင်း၊ အဆီနဲ့ အက်စစ်တို့ကိုထွက်လာစေပါတယ်။

အဲဒီနောက်မှာ အမျှင်ဓာတ်၊ ကစီဓာတ်နဲ့ အချိုဓာတ်တို့ကိုပေါင်းစပ်ကာ သရီးဒီပရင်တာကိုအသုံးပြုပြီး လိုချင်တဲ့ဒီဇိုင်းနဲ့ ကွတ်ကီးကိုထုတ်လုပ်လိုက်တာပါ။ အခုတော့ အဲဒီကွတ်ကီးကိုလက်တွေ့စမ်းသပ်ဖို့ ပညာရှင်များကလုပ်ဆောင်နေတယ်လို့ သိရပါတယ်။

**Ref: RT**

## နီပေါနဲ့တရုတ်နယ်စပ်မှာ ရုတ်တရက်ရေကြီးမှုကြောင့် လူ ၁၀၀ ကျော်သေဆုံး

**ခတ္တမန္ဒူ၊ သဘာဝဘေး**



နီပေါနိုင်ငံနဲ့ တရုတ်နိုင်ငံနယ်စပ်ဒေသမှာ ဩဂုတ်လ ၂၆ ရက်က ရုတ်တရက်ရေကြီးမှုဖြစ်ပွားပါတယ်၊ အထူးသဖြင့် နီပေါနဲ့တိဗက်ဒေသနယ်စပ်မှာဖြစ်ပွားတာပါ။ ဒီလိုမျိုး ရုတ်တရက်ရေကြီးပြီး ရွှံ့ရေတွေ တစ်ဟုန်ထိုးစီးဆင်းလာတာကြောင့် အခုအချိန်အထိ လူပေါင်း ၁၀၀ ကျော်သေဆုံးထားပြီး ပျောက်ဆုံးသူ ရာပေါင်းများစွာရှိတယ်လို့စာရင်းကောက်ယူရရှိထားကြောင်း ဒေသတွင်းတာဝန်ရှိသူများက ပြောပါတယ်၊

ပျောက်ဆုံးနေသူတွေထဲမှာ ခရီးသွားအများစုပါဝင်နေတဲ့အပြင် စစ်သည်များနဲ့ ရဲတပ်ဖွဲ့ဝင်များလည်းပါဝင်နေပြီး လူ ၅၄ ဦးကိုသာ ကယ်ဆယ်ထားနိုင်သေးတယ်လို့ ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောပါတယ်။ စစ်သည်များနဲ့ ရဲတပ်ဖွဲ့ဝင်များပျောက်ဆုံးရခြင်းဟာ သူတို့ရဲ့ရိပ်သာတွေက ရေစီးနဲ့မျောပါသွားခြင်းကြောင့်ဖြစ်တယ်လို့လည်းသိရပါတယ်။

တစ်ချိန်တည်းမှာပဲ ပြင်းထန်လှတဲ့ ရေစီးကြမ်းမှုကြောင့် တံတားပေါင်း ၁၉ စင်းဟာ ရေစီးနဲ့အတူမျောပါသွားရပါတယ်။ ထို့အတူ ကီလိုမီတာ ၄၀ အရှည်ရှိတဲ့ လမ်းမကြီးတစ်ခုကလည်း လုံးဝပျက်စီးသွားပါတယ်။ ရေအားလျှပ်စစ်စက်ရုံ ၁၃ ခုသည်လည်း ရေစီးအားကြောင့်ပျက်စီးသွားတဲ့အထဲမှာပါဝင်ပါတယ်လို့ အစိုးရရဲ့ခန့်မှန်းထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။

ဩဂုတ်လ ၂၆ ရက် နံနက်ပိုင်းတုန်းက ပြင်းအား ၄ ဒသမ ၄ မဂ္ဂနီကျူရှိငလျင်ငယ်တစ်ခုက နီပေါ-တရုတ်နယ်စပ်မှာလှုပ်ပါတယ်။ ငလျင်လှုပ်မှုကြောင့် ရေခဲတောင်ပြိုကျမှုတစ်ခုဖြစ်ပေါ်ခဲ့ရပြီး အဲဒီကနေမှတစ်ဆင့် တိဗက်ဒေသမှာရှိတဲ့ရေကန်တွေ ကျိုးပေါက်မှုဖြစ်ပွားတဲ့အတွက် အခုလိုရုတ်တရက်ရေကြီးမှုဖြစ်ပွားရတာဖြစ်တယ်လို့ တာဝန်ရှိသူများကပြောပါတယ်။

လက်ရှိမှာတော့ နီပေါနိုင်ငံမှာသာမက တရုတ်နိုင်ငံမှာပါ အကြီးစားရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်နဲ့ကြိုးပမ်းလုပ်ဆောင်နေတယ်လို့ တာဝန်ရှိသူများရဲ့ထုတ်ပြန်ချက်မှာဖော်ပြထားပါတယ်။ **Ref: Anadolu**

## အီရန်စစ်ပွဲကြောင့် အမေရိကန်လယ်သမားတွေ အထိနာနေ

**ဝါရှင်တန်၊ ပြည်တွင်းရေး**

အီရန်စစ်ပွဲကြောင့် အမေရိကန်လယ်သမားများအထိနာနေပြီး သူတို့အနေနဲ့ နှစ်ပေါင်း ၄၀ အတွင်း အဆိုးဝါးဆုံးသောဘဏ္ဍာရေးအကျပ်အတည်းနဲ့ရင်ဆိုင်နေရတယ်လို့ Financial Times သတင်းစာက ဖော်ပြထားပါတယ်။ အထူးသဖြင့် အီရန်စစ်ပွဲကြောင့် လောင်စာနဲ့ဓာတ်မြေဩဇာဈေးနှုန်းတွေ မြင့်တက်လာတဲ့အတွက်ဖြစ်ပါတယ်။

အမေရိကန်နဲ့အစ္စရေးတို့ပူးပေါင်းကာ အီရန်ကိုတိုက်ခိုက်မှုများလုပ်တဲ့အတွက် အီရန်ကလည်း ကုန်သွယ်ရေးမှာအသက်သွေးကြောပမာဖြစ်တဲ့ဟော်မုဇ်ရေလက်ကြားကိုပိတ်လိုက်ပါတယ်။ ဒီရေလက်ကြားကိုပိတ်လိုက်တဲ့အတွက် ဖြစ်ပေါ်လာတဲ့အကျိုးဆက်ကို တခြားကမ္ဘာ့နိုင်ငံများလိုပဲ အမေရိကန်ကိုယ်တိုင်လည်း ခံစားခဲ့ရတာဖြစ်ပါတယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်တုန်းက တစ်တန်ကို ဒေါ်လာ ၄၇၀ သာရှိတဲ့ ဖော့စဖရပ်ဓာတ်မြေဩဇာဟာ အခုတစ်တန်ကို ဒေါ်လာ ၉၀၀ ဖြစ်လာပြီလို့ နီဘရက်စကာပြည်နယ်မှပြောင်းနဲ့ပဲပုပ်စိုက်တောင်သူမတ်ဘောလီက ပြောပါတယ်။ ဒီဇယ်ဈေးနှုန်းဆိုရင်လည်း အရင်က တစ်ဂါလန်ကို ၃ ဒသမ ၈၁ ဒေါ်လာမှ အခု ၅ ဒသမ ၄၅ ဒေါ်လာရှိလာပြီဖြစ်ပါတယ်။ **Ref: RT**





## အမေရိကန်က တောင်ကိုရီးယား၊ ဂျပန်တို့နဲ့ ပူးတွဲစစ်ရေးလေ့ကျင့်ဖို့ပြင်ဆင်နေ

**ဟာဝိုင်ယီ၊ စစ်ရေး**

အမေရိကန်နိုင်ငံအနေနဲ့ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံတို့နဲ့ပူးပေါင်းပြီး သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခန်းလုပ်ဆောင်ဖို့ ပြင်ဆင်နေတယ်လို့ အမေရိကန်ပစိဖိတ်ဒေသစစ်ဌာနချုပ်က ဩဂုတ်လ ၂၆ ရက်မှာထုတ်ပြန်ထားပါတယ်။

Freedom Edge လို့အမည်ပေးထားတဲ့ နှစ်စဉ်ပြုလုပ်နေကျ စစ်ရေးလေ့ကျင့်ခန်းကို လုပ်ဆောင်သွားမှာဖြစ်ပြီး နယ်ပယ်စုံပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုဖြစ်လာမယ်လို့ စစ်ဌာနချုပ်မှပြောရေးဆိုခွင့်ရှိသူက ပြောပါတယ်။

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အမေရိကန်နဲ့တောင်ကိုရီးယားတို့ကြား ပူးတွဲစစ်ရေးလေ့ကျင့်မှုလုပ်ဆောင်တာတွေကိုလျှော့ချဖို့ ညွှန်ကြားထားတာရှိပါတယ်။ ဒီညွှန်ကြားချက်အရ အမေရိကန်-တောင်ကိုရီးယားပူးတွဲစစ်ရေးလေ့ကျင့်မှုကိုလျှော့ချခဲ့ပေမယ့် သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုကိုတော့ ပုံမှန်အတိုင်းသာဆက်လက်လုပ်ဆောင်သွားဖို့ ပြင်ဆင်နေတာတွေ့ရပါတယ်။ အခုလုပ်ဆောင်သွားမယ့် သုံးနိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်ခန်းဟာ အမေရိကန်၊ တောင်ကိုရီးယားနဲ့ ဂျပန်တို့ကြား စစ်ရေးပူးပေါင်းဆောင်ရွက်မှုကိုပိုမိုခိုင်မာစေဖို့ ရည်ရွယ်တာဖြစ်တယ်လို့ဆိုပါတယ်။ **Ref: Yonhap**

Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - **STARMART Mandalay Wholesale** ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - **STARMART Nay Pyi Taw** ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ

COPPER
99.99%

SIGMA
CABLE & WIRE

ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉ ၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇



အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်

အင်ငါးခွ

INNGAGWA





White Sugar

EXPORT
QUALITY

09-691540716 inngagwasugarmail2018@gmail.com FDANo,85/21337/ဆလ

တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့

မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရန်ကုန် - နေပြည်တော် - တောင်ကြီး - မုံရွာ - မန္တလေး - ပြင်ဦးလွင် - ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ - ပုဂံ(ညောင်ဦး) - ပခုက္ကူ
မကွေး - မိတ္ထီလာ - မြင်းခြံ - ပုသိမ် - မော်လမြိုင် - သံဖြူဇရပ် - ကျိုက္ကမီ - တောင်ငူ - ဆွာ - ရေနီ - ပဲခူး - ညောင်လေးပင် - ဘားအံ - မြဝတီ



➢ ပါရမီ(YBS)
09-459448201



➢ ရွှေမန်းသူ
09-254781060



➢ မန္တလေးအခြေစိုက်
09-426500153



➢ တော်ဝင်
09-423333250



➢ ပါရမီတက္ကစီ
01-3643641



➢ ကုန်စည်
09-440619258

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။

# PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်ဆွတ်ခူးရရှိ




မန်ချက်စတာ ဩဂုတ် ၂၆

ပရော်ဖက်ရှင်နယ် ဘောလုံးကစားသမားအဖွဲ့ချုပ် (PFA)ကချီးမြှင့်ပေးအပ်သည့် PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို မန်ယူအသင်းကွင်းလယ်ကစားသမား ဖာနန်ဒက်စ်က အာဆင်နယ်အသင်းကွင်းလယ်ကစားသမား ဒီကလန်ရိုက်စ်ကို ကျော်ဖြတ်ပြီး ဆွတ်ခူးရရှိခဲ့သည်။

PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းတွင် ဖာနန်ဒက်စ်နှင့်အတူ အာဆင်နယ်အသင်းမှ ဒီကလန်ရိုက်စ်နှင့် ဂိုးသမား ရိုင်ယာ၊ မန်စီးတီးအသင်းမှ ဟာလန်း၊ ရာကီတို့ပါဝင်လာကြပြီး ဖာနန်ဒက်စ်က ၎င်းတို့ကို ကျော်ဖြတ်ကာ ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့ကာ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကိုယ်တိုင် ကိုးဂိုးသွင်းယူနိုင်သကဲ့သို့ ဂိုးဖန်တီးမှု ၂၁ ကြိမ်အထိပြုလုပ်နိုင်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီအတွင်း ဂိုးဖန်တီးမှုအများဆုံးကစားသမားအဖြစ်ပင် စံချိန်သစ်တင်နိုင်ခဲ့သည်။

ဖာနန်ဒက်စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ပြီး PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆု၊ အစောပိုင်းက မန်ယူအသင်းတစ်နှစ်တာအကောင်းဆုံးကစားသမားဆု၊ ပရီးမီးယားလိဂ်တစ်နှစ်တာအကောင်းဆုံးကစားသမားဆု စသည့် တစ်ဦးချင်းအကောင်းဆုံးဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ဖာနန်ဒက်စ်သည် PFA တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့သည့်အတွက် မန်ယူအသင်းကစားသမားများတွင် ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကစားသမားဖြစ်လာသည်။

အလားတူ PFA တစ်နှစ်တာအကောင်းဆုံးအမျိုးသားလူငယ်ကစားသမားဆုကို မန်စီးတီးအသင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် အိုရှိုင်လီက ဆွတ်ခူးနိုင်ခဲ့ပြီး PFA တစ်နှစ်တာအကောင်းဆုံးအမျိုးသမီးကစားသမားဆုကို မန်စီးတီးအမျိုးသမီးအသင်းမှ တိုက်စစ်မှူး ခါဒီဂျာရှောခ်နှင့် အကောင်းဆုံးအမျိုးသမီးလူငယ်ကစားသမားဆုကို အာဆင်နယ်အမျိုးသမီးအသင်းမှ စမစ်တို့က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

*Ref:B/R Football*

# ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ပထမဆုံး ထုတ်ပယ်ခံရနိုင်သည့်နည်းပြအဖြစ် နည်းပြကာရစ် ရပ်တည်

မန်ချက်စတာ ဩဂုတ် ၂၆

ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အပြီးတွင် ပထမဆုံးထုတ်ပယ်ခံရနိုင်သည့်နည်းပြအဖြစ် မန်ယူအသင်းနည်းပြ ကာရစ်က ထိပ်ဆုံး၌ ရပ်တည်နေသည်။

နည်းပြကာရစ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ ရာသီဝက်ကာလတွင် မန်ယူအသင်းကို ယာယီနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ပြီးနောက် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ရာသီအကုန်တွင် အဆင့်(၄)နေရာ၌ ရပ်တည်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီးနောက် ရာသီအကုန်တွင် အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခံခဲ့ရသူဖြစ်သည်။

မန်ယူအသင်းသည် ယခုဘောလုံးရာသီအဖွင့်ပွဲစဉ်ဖြစ်သည့် ပွဲစဉ်(၁)တွင် တန်းတက်အသင်းတစ်သင်းဖြစ်သော ဟူးလ်စီးတီးအသင်းနှင့်ကစားခဲ့ရာ ၂ ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် နည်းပြကာရစ်အနေဖြင့်လည်း ယခုဘောလုံးရာသီတွင် ပထမဆုံး ထုတ်ပယ်ခံရနိုင်သည့်နည်းပြအဖြစ် ဖြစ်လာနိုင်ခြေရှိနေခြင်းဖြစ်သည်။

နည်းပြကာရစ်၏နောက်တွင် ဂျာကီရိုဗစ်ချ်၊ ဖရန့်လမ်းပတ်၊ ဒီဇာဘီ၊ အာဘီလိုအာ၊ ဂယ်ရီအိုနေးလ်၊ အိုလီဗာဂလက်နာ၊ မာရက်စ်ကာနှင့် အူနိုင်းအမ်မရီတို့က အစဉ်လိုက် ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref:365Scores*

# ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ်ချ်နှင့် ဆာဘာလင်ကာတို့အတွဲ တတိယအဆင့်မှပင် စောစီးစွာထွက်ခွာခဲ့ရ

ဝါရှင်တန် ဩဂုတ် ၂၆

အမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် ယူအက်စ်အိုးပင်းတင်းနစ် နှစ်ယောက်တွဲပြိုင်ပွဲ တတိယအဆင့်ပွဲစဉ်အဖြစ် ထိပ်တန်းတင်းနစ်ကစားသမားများဖြစ်သည့် ဂျိုကိုဗစ်ချ်၊ ဆာဘာလင်ကာအတွဲနှင့် ဟင်နရီပက်တန်၊ စင်နီယာကိုဗာအတွဲတို့ကစားကြရာ ဂျိုကိုဗစ်ချ်နှင့် ဆာဘာလင်ကာတို့အတွဲက ရှုံးနိမ့်ပြီး တတိယအဆင့်မှပင် ထွက်ခွာခဲ့ရသည်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အောင်မြင်မှုများစွာရယူထားနိုင်ခဲ့ပြီး ကမ္ဘာ့အဆင့်(၁)နေရာ၌ ကာလရှည်ရပ်တည်နိုင်ခဲ့ဖူးသည့် ဂျိုကိုဗစ်ချ်နှင့် လက်ရှိအမျိုးသမီးကစားသမားများတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် ဆာဘာလင်ကာတို့အနေဖြင့် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ရန် ရေပန်းစားနေသော်လည်း တတိယအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်၌ ဂျိုကိုဗစ်ချ်နှင့် ဆာဘာလင်ကာတို့အနေဖြင့် ပထမပွဲငယ်တွင်( ၄-၁)ရလဒ်ဖြင့် အနိုင်ရရှိသော်လည်း ဒုတိယပွဲငယ်တွင်(၄-၂)ဖြင့်ရှုံးနိမ့်ကာ နောက်ဆုံးပွဲငယ်တွင်(၂-၁၀)ရလဒ်ဖြင့်ရှုံးနိမ့်ပြီးနောက် တတိယအဆင့်မှပင် ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အတွဲလိုက်ပြိုင်ပွဲတွင် ဂျိုကိုဗစ်ချ်နှင့် ဆာဘာလင်ကာတို့အတွဲကိုအနိုင်ရရှိခဲ့သည့် ဟင်နရီပက်တန်နှင့် စင်နီယာကိုဗာတို့အတွဲအနေဖြင့် ကွာတားဖိုင်နယ်အဆင့်တွင် မွန်ဖလက်နှင့် ဆာဗီတိုလီနာတို့အတွဲကို(၄-၅)၊(၅-၄)၊(၈-၁၀)ရလဒ်ဖြင့်ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရကြောင်း သိရသည်။

*Ref:Sportskeeda Tennis*



# ပရီးမီးယားလိဂ်ပြိုင်ပွဲအဖွင့်ပွဲစဉ်များတွင် အမြန်ဆုံးသွင်းဂိုးအဖြစ် ချယ်လ်ဆီးအသင်းမှ ဂျာအိုပက်ဒရို၏သွင်းဂိုးမှတ်တမ်းဝင်

လန်ဒန် ဩဂုတ် ၂၆

ပရီးမီးယားလိဂ်ပြိုင်ပွဲ သမိုင်းတစ်လျှောက် အဖွင့်ပွဲစဉ်များတွင် အမြန်ဆုံးသွင်းဂိုးအဖြစ် ချယ်လ်ဆီးအသင်း တိုက်စစ်ကစားသမား ဂျာအိုပက်ဒရို၏သွင်းဂိုးမှတ်တမ်းဝင်ခဲ့သည်။

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ်ကစားသည့် ချယ်လ်ဆီးအသင်းက လန်ဒန်မြို့ခံပြိုင်ဘက် ဖူလ်ဟမ်အသင်းကို ၃ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲအစ တစ်မိနစ်မပြည့်မီ ၃၁ စက္ကန့်တွင် ဂျာအိုပက်ဒရိုက ချယ်လ်ဆီးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ပြီးနောက် ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက် အဖွင့်ပွဲစဉ်များတွင် အမြန်ဆုံးသွင်းဂိုးအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဂျာအိုပက်ဒရိုသည် ၂၀၂၅ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဘရိုက်တန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ အသင်းနှင့် ပြိုင်ပွဲစုံ ၅၃ ပွဲကစားခဲ့ရာ ၂၃ ဂိုးအထိသွင်းယူနိုင်ခဲ့သည့်အပြင် ဂိုးဖန်တီးမှုခြောက်ကြိမ်ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည်။

ဂျာအိုပက်ဒရိုသည် ယခုဘောလုံးရာသီတွင်လည်း အဖွင့်ပွဲစဉ်၌ အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီး သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သည်။

ချယ်လ်ဆီးအသင်း၌ ခြေစွမ်းပိုင်းရှန်းကန်ရလေ့ရှိသောနံပါတ်အဖြစ်သတ်မှတ်ထားသည့် ကျောနံပါတ်(၉)ဝတ်ဆင်ကစားသည့် ကစားသမားများအနေဖြင့် ခြေစွမ်းပြနိုင်ရန် ရှန်းကန်ရလေ့ရှိသည်။ နှစ်ပေါင်း ၂၀ အတွင်း ကျောနံပါတ်(၉) ဝတ်ဆင်ကစားခဲ့ကြသည့် ခရက်စပို၊ ဆစ်ဝဲလ်၊ ဒီဆန်းတို့စ်၊ ဖာရန်ဒိုတောရက်စ်၊ ဖယ်လ်ကာအို၊ မိုရာတာ၊ ဟီဂူအင်၊ အီဘရာဟမ်၊ လူကာကူ၊ အူဘာမီယန်းနှင့် နောက်ဆုံးဝတ်ဆင်ခဲ့သော ဒီလက်ဖ်တို့အနေဖြင့် ခြေစွမ်းပြနိုင်ရန် ရှန်းကန်ခဲ့ရသော်လည်း ဂျာအိုပက်ဒရိုအနေဖြင့် ယခုဘောလုံးရာသီတွင် ကျောနံပါတ်(၉)ပြောင်းလဲဝတ်ဆင်ခဲ့သော်လည်း အသင်းနှင့်အဖွင့်ပွဲစဉ်တွင်ပင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

*Ref:Sky News*

# (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် လှပသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

နေပြည်တော်  ဩဂုတ် ၂၆

၂၀၂၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား လှပသာယာပြည်မြန်မာ ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့်သင်္ကေတ၊ နေရာဒေသနှင့် လူပုဂ္ဂိုလ်များစသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသော ဓာတ်ပုံများဖြင့်ပါဝင်ယှဉ်ပြိုင်ရပါမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများသည် မြန်မာနိုင်ငံအတွင်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများသာဖြစ်ရမည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။ ပြိုင်ပွဲဝင် ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ x ၁၅ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ယှဉ်ပြိုင်နိုင်ပြီး Hard Copy နှင့် Soft Copy (CD) ကိုတစ်ပါတည်း ပူးတွဲပေးပို့ရပါမည်။ ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း၊ ပြည်ပ ဓာတ်ပုံပြိုင်ပွဲများတွင် ဆုရခဲ့ဖူးသည့် ဓာတ်ပုံများ၊ ပုံနှိပ်ထုတ်ဝေပြီးသောဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများကို ပါဝင်ယှဉ်ပြိုင်ခွင့်မပြုပါ။ ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာပြပွဲများ၊ စာအုပ်စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများတွင် ပြိုင်ပွဲဝင်သူအမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ ဓာတ်ပုံ၏အကြောင်းအရာ၊ ရိုက်ကူးသည့် နေရာဒေသတို့ကို ဓာတ်ပုံများ၏နောက်ကျော၌ သီးခြားစက္ကူဖြင့်ရေးကပ်၍ ပူးတွဲပေးပို့ရမည်။ ကိုယ်တိုင်ရိုက်ကူးထားသောပုံဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ထုတ်လုပ်ရေးဌာနခွဲ(ရန်ကုန်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂/၂၄) ပန်းဆိုးတန်းလမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၁-၈၃၇၁၃၄၂ နှင့် ၀၉-၄၂၀၇၀၄၂၉၇ သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ယင်းနေ့ထက်ကျော်လွန်၍ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရသည်။ **မြဝတီ**

# အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကျင်းပမည်

၁။ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ်အဖြစ် **"ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့နေအိမ်များမှစတင်စို့"** ခေါင်းစဉ်ဖြင့် အလွတ်တန်းအဆင့်ဆောင်းပါးပြိုင်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား နေပြည်တော်တွင် ကျင်းပပြုလုပ်မည့်အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲစည်းကမ်းသတ်မှတ်ချက်များအား https://bit.ly/Articles-2026 တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး တယ်လီဖုန်းအမှတ်၊ ၀၆၇ ၃၄၀၄၀၄၉၊ ၀၆၇ ၃၄၀၄၀၇၁ သို့လည်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန**

# "မေတ္တာဝေ သံဆန်း" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော်  ဩဂုတ် ၂၆

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန် ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဩဂုတ်လ ၂၈ ရက် သောကြာနေ့ ညပိုင်းတွင် "မေတ္တာဝေ သံဆန်း" တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံ ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များဖြစ်ကြသည့် ဖိုးသောကြာ၊ ရသ၊ ရဲထိုက်၊ စိမ့်နေခြည်၊ ဇင်သူသူထွန်း၊ ဇင်သူဇာထွန်း၊ ထွန်းပပအောင်နှင့် ထက်ထက်စိုးစံတို့က မိုးရာသီ၏ စိမ်းလန်းမှု၊ ဝါခေါင်လ၏ အေးမြမှုနှင့် လပြည့်ဝန်း၏ တောက်ပမှုတို့ ပေါင်းဆုံနေသည့် ဝါခေါင်လပြည့်၏ မေတ္တာရောင်ခြည်အောက်တွင် ချစ်ခြင်းမေတ္တာများ ပိုမိုတိုးပွားစေရန် ဓမ္မပူဇာဆုတောင်းမေတ္တာတေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

"မေတ္တာဝေ သံဆန်း" တေးဂီတဖျော်ဖြေပွဲကို ဩဂုတ်လ ၂၈ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့ရုပ်မြင်သံကြား၏ MRTV-HD Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဩဂုတ်လ ၃၀ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV-HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# Shwe Nayar Moonsoon Junior Open ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန်  ဩဂုတ် ၂၆

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် Junior Golf Myanmar (JGM)မှကြီးမှူး၍ Shwe Nayar Co., Ltd. မှ အဓိကကူညီပံ့ပိုးသော Shwe Nayar Moonsoon Junior Open မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၁၁ ရက်မှ ၁၃ ရက်နေ့အထိ ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကွင်း(တည်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်း၊ အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းနှင့် ၁၄ နှစ်အောက်သက်တမ်းဟူ၍ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို R&A နှင့် USGA တို့၏ Rules of Golf - 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝှမ်းမှ Junior ဂေါက်သီးရိုက်အားကစားသမားများအနေဖြင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့ ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်းအမှတ် ၀၉-၅၁၉၃၄၃၃ သို့ အမည်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်များအား မေးမြန်းနိုင်ကြောင်း သိရသည်။ **ဝန်းရံခ**

**နေရာကွက်၍ မိုးကြီးနိုင်**

နေပြည်တော်  ဩဂုတ် ၂၆

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ကရင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

**ပျောက်ဆုံးကြောင်း**
ဒေါ်တင်သီး(ဘ)ဦးကြိုင် ၆/လလန(နိုင်)၀၁၃၄၅၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MC 735209)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ချိုကြီး(ဘ)ဦးကျော်စိန် ၁၂/မရက(နိုင်)၁၃၃၀၇၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(A 261183)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၅၁၅၅၁၉၈

**ပျောက်ဆုံးကြောင်း**
ထွေးငယ်(ဘ)ဦးတင်အုန်း ၇/ညလပ(နိုင်)၁၇၄၄၇၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MF 470700)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းခမ်းဗွာ(ဘ)ဦးသိန်းအောင် ၃/ဘအန(နိုင်)၄၂၂၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 222332)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နော်မြင့်ကြည်(ဘ)ဦးအေးကြည် ၃/ဘအန(နိုင်)၃၉၆၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 835477)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နော်မပုငယ်(ဘ)ဦးတင်ညွန့် ၃/ဘအန(နိုင်)၃၀၂၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 087889)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၅၁၅၅၁၉၈

**ပျောက်ဆုံးကြောင်း**
အုန်းမြိုင်(ဘ)ဦးစိုးမြင့် ၆/ထဝန(နိုင်)၀၈၀၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 798429)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၉၀၄၄၈၁၃

**ပျောက်ဆုံးကြောင်း**
ရဲကျော်ဌေး(ဘ)ဦးဌေးဝင်း ၁၂/ရကန(နိုင်)၀၆၈၈၈၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MH 467931)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၆၁၁၂၇

**ပျောက်ဆုံးကြောင်း**
တင်ထွန်း(ဘ)ဦးမောင်ဟန် ၁၂/သကတ(နိုင်)၁၁၉၁၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 013646)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၅၅၅၇၂၂၅၅

**ပျောက်ဆုံးကြောင်း**
နေလင်းဦး(ဘ)ဦးမောင်စန်း ၇/လပတ(နိုင်)၁၆၅၉၁၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
စုစုမော်(ဘ)ဦးလှဦး ၁၂/တတန(နိုင်)၂၀၅၅၇၇ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၁၇၃၂၁၄၈

**ပျောက်ဆုံးကြောင်း**
သူရိန်လင်း(ဘ)ဦးရဲကျော်ဌေး၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 353994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၆၁၁၂၇

**ပျောက်ဆုံးကြောင်း**
မေလဝန်းသော်(ဘ)ဦးရဲကျော်ဌေး၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 355374)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၆၁၁၂၇

**ပျောက်ဆုံးကြောင်း**
ဇင်မာလွင်(ဘ)ဦးအောင်သန်း ၁၂/အစန(နိုင်)၁၉၃၃၁၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MK 387807)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၃၉၄၁၈၇

**ပျောက်ဆုံးကြောင်း**
အေးမြတ်ပိုင်(ဘ)ဦးလှဌေး ၁၀/မလမ(နိုင်)၂၄၀၅၈၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန့်မိုးလေဒီ(ဘ)ဦးသိန်းမောင် ၁၄/ပတန(နိုင်)၃၀၇၀၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၂၉၅၅၈၄

**ပျောက်ဆုံးကြောင်း**
ဦးစိုးမြင့်(ဘ)ဦးသောင်းညွန့် ၁၂/အလန(နိုင်)၀၀၆၇၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၀၆၁၆၇

**ပျောက်ဆုံးကြောင်း**
မိမိလှိုင်(ဘ)ဦးညွန့်ရွှေ ၁၂/ကခက(နိုင်)၀၆၁၂၂၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၂၈၉၃၉၆၅

**ပျောက်ဆုံးကြောင်း**
ဒေါ်မြကြေးမုံ(ခ)ဆုသက်ထားစံ ၁၂/ဗတထ(နိုင်)၀၃၂၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၄၆၇၂၈

**ပျောက်ဆုံးကြောင်း**
မာလ်ဆောမ်ဒေါင်း(ဘ)ဦးလာလ်ရွှန်တလွန်း ၄/ဖလန(နိုင်)၀၆၃၉၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 211382)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျော်စွာဝင်း(ဘ)ဦးမြသောင်း ၈/နမန(နိုင်)၁၆၀၄၁၉ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၁၉၇၉၄၅၃

**ပျောက်ဆုံးကြောင်း**
သီတာအေး(ဘ)ဦးမောင်ချိန် ၁၁/အမန(နိုင်)၀၈၆၄၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
အလယ်ရွာ၊ စံပယ်လမ်း၊ အမှတ်(၉၈၀)နေ စုပြည့်ဖြိုး(ဘ)ဦးမြင့်ကြိုင် ၁၄/ညတန(နိုင်)၁၇၅၂၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
နှင်းသက်မိုး(ဘ)ဦးစိန်မိုး ၁၂/သဃက(နိုင်)၁၆၁၅၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၃၂၀၂၆၂

**ပျောက်ဆုံးကြောင်း**
ကိုကိုနိုင်(ဘ)ဦးအောင်မင်း ၁၄/ဇလန(နိုင်)၁၈၃၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 735381)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

# ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲမေးခွန်းနမူနာပုံစံများအား လေ့လာနိုင်ကြောင်း အသိပေးခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် မေးခွန်းနမူနာပုံစံများအား **Myawady Webportal**(www.myawady.net.mm/cadets)နှင့် **Myanmar National Portal**(https://bit.ly/4hQEmg3)တို့တွင် ကြည့်ရှုလေ့လာနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## ကြော်ငြာစာအမှတ်(၁/၂၀၂၆)
## (၂၀၂၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်)

၁။ ဤညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီသတင်းစာတိုက်နှင့် ရတနာပုံသတင်းစာတိုက်တို့တွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်)ဝန်ထမ်းအဖြစ်ခန့်အပ်ရန်အလိုရှိပါသည်-

(က) စာတည်း(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ခ ) စာပြင်(ဝိဇ္ဇာဘွဲ့(မြန်မာစာ)၊ ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ)ဦးစားပေးမည်)

( ဂ ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားတိုင်းရင်းသားမိဘနှစ်ပါးမှမွေးဖွားသူဖြစ်ရမည်။

( ခ ) ၂၀၂၆ ခုနှစ် စက်တင်ဘာလ(၃၀)ရက်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်စေရ။

( ဂ ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး ၅ နှစ်အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) လျှောက်ထားသူသည် ပြစ်မှုနှင့်ပါတီနိုင်ငံရေးကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာနှင့်ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါနေရာများတွင်ရယူနိုင်ပါသည်။

(က) မြဝတီသတင်းစာတိုက်(နေပြည်တော်)

( ခ ) မြဝတီသတင်းစာတိုက်(ရန်ကုန်)

( ဂ ) မြဝတီသတင်းစာတိုက်(မန္တလေး)

၄။ လျှောက်လွှာများကို ၂၇-၈-၂၀၂၆ ရက်မှ ၂၇-၉-၂၀၂၆ ရက်နေ့အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

၅။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ လူတွေ့စစ်ဆေးခြင်းအား မြဝတီသတင်းစာတိုက်(နေပြည်တော်)တွင် ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၂၉ ရက်၊ ၃၀ ရက်တို့၌ပြုလုပ်သွားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | | |
|---|---|---|---|
| နေပြည်တော် | ဖုန်း | - | ၀၉ -၄၃၀၂၉၈၂၀၊ ၀၉-၄၂၂၁၉၂၁၇၀၊ ၀၉- ၆၉၅၆၉၉၉၆၆<br>၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈ |
| ရန်ကုန် | ဖုန်း | - | ၀၉-၄၀၃၇၀၃၅၉၉ |
| မန္တလေး | ဖုန်း | - | ၀၉-၆၈၈၈၈၃၅၅၈ |

### ဖခင်အမည်မှန်

ပဲခူးမြို့၊ အခြေခံပညာအလယ်တန်းကျောင်း၊ ဈေးညောင်ပင်ကြီးတွင် ပညာသင်ကြားနေသော Grade-9 မှ မောင်ဟိန်းထက်အောင်၊ Grade-6 မှ မောင်အံ့ဖွယ်အောင်၊ Grade-5 မှ မောင်ရှိုင်းထက်အောင်၊ Grade-1 မှ မထိပ်ထားဝေတို့၏ဖခင်အမည်မှန်မှာ ဦးတာဇံ ၇/ပခန(နိုင်)၂၇၆၄၈၅ ဖြစ်ပါကြောင်း။

**ဦးတာဇံ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
### မြန်မာနိုင်ငံတော်ဗဟိုဘဏ်
### အလုပ်လျှောက်လွှာပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂၄-၇-၂၀၂၆)ရက်နေ့တွင် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာတို့၌ ကြော်ငြာခေါ်ယူထားသည့် အငယ်တန်းစာရေးရာထူး(၇၆)နေရာနှင့် စစ်ဆေးရေးမှူး-၄(ငွေ)ရာထူး(၂၀)နေရာအတွက် လျှောက်လွှာပိတ်ရက်ကို (၁၁-၉-၂၀၂၆) ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ထားပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။


**တစ်ဦးတည်းဖြစ်ပါကြောင်း**

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ရွှေလုံကျေးရွာနေ မနှင်းပွင့်၏ဖခင် ၈/ရစက(နိုင်)၁၅၈၇၀၉ ကိုင်ဆောင်သူ ဦးညွန့်ဆွေနှင့် ဦးသန့်ဇင်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညွန့်ဆွေ(ခ)ဦးသန့်ဇင်ဝင်း**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အ.ထ.က-၁၆(ကျည်တောင်)Grade-12 ၌ ပညာသင်ကြားနေသော မမေဖြိုးပြည့်မာန်၏ဖခင်အမည်မှန်မှာ ဦးမြစိုးအောင် ၉/ပမန(နိုင်) ၁၈၁၀၅၄ ဖြစ်ပါကြောင်း။ **ဦးမြစိုးအောင်**

**ဖခင်အမည်မှန်**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အ.ထ.က(ဆက်သွား)ကျောင်းဝင်အမှတ်(C-3133) Grade-12(C)သင်ဆဲမှ မောင်ကောင်းထက်လင်း၏ဖခင်ဦးထွန်းထွန်းဝင်း၏အမည်မှန်မှာ ဦးထွန်းထွန်း ၈/တတက(နိုင်)၁၁၆၃၀၀ ဖြစ်ပါကြောင်း။ **ဦးထွန်းထွန်း**

**ဖခင်အမည်မှန်**

လယ်ဝေးမြို့၊ အ.ထ.က(ခွဲ)ရေကာ Grade-8 မှ မောင်ဖြိုးကြယ်စင်လင်း(ခ)မောင်ဖြိုးသူရိန်လင်း၏ဖခင်အမည်မှန်မှာ ဦးအောင်ဆန်းလင်း ၇/ကတခ(နိုင်)၁၉၀၂၀၆ ဖြစ်ပါကြောင်း။

**ဦးအောင်ဆန်းလင်း**

**ဖခင်အမည်မှန်**

တာချီလိတ်မြို့၊ ပညာပန်းခိုင်ကိုယ်ပိုင်မူလတန်းကျောင်း Grade-4(A) တွင် ပညာသင်ကြားနေသော မနာဟော(ခ)နာမီးဟော၏ဖခင်အမည်မှန်မှာ ဦးကျာလော ၁၃/မယန(နိုင်)၀၅၁၇၉၃ ဖြစ်ပါကြောင်း။ **ဦးကျာလော**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(ခွဲ)မင်္ဂလာဒီပ Grade-12(STAMS) တွင် ပညာသင်ကြားနေသော မဖြူဖြူခိုင်၏ဖခင် ဦးမောင်စိုး၏အမည်မှန်မှာ ဦးဝင်းစိုး ၉/ပမန(နိုင်)၁၆၄၇၅၇ ဖြစ်ပါကြောင်း။ **ဦးဝင်းစိုး**

**ပျောက်ဆုံးကြောင်း**

ရွှယ်ဆုပန်(ဘ)ဦးကျော်နိုင် ၁၂/သဃက(နိုင်) ၁၉၂၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

ကျော်နိုင်(ဘ)ဦးချစ်ဖေ ၁၂/မဂတ(နိုင်) ၀၁၅၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၆၆၁၇၂၈၁

**ပျောက်ဆုံးကြောင်း**

သိန်းဝင်း(ဘ)ဦးအောင်မောင်း ၁၂/ဥကတ(နိုင်)၁၀၇၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၅၁၁၂၉၈၈

**ပျောက်ဆုံးကြောင်း**

နန်းဟွမ်ထွေး(ဘ)ဦးမိုးကျော် ၁၃/သပန(နိုင်) ၁၂၈၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၃၀၃၆၉၃၇

**ပျောက်ဆုံးကြောင်း**

ယမင်းထက်နွယ်(ဘ)ဦးဆန်းဝင်း ၁၁/မပတ(နိုင်)၀၈၁၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**

သင်းသင်းအေး(ဘ)ဦးလွန်းမောင် ၇/ကဝန(နိုင်)၂၁၆၄၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

အင်ခိုင်အောင်ဘူ(ဘ)ဦးအင်ခိုင်ဆင်ဝါးနော် ၁/မကန(နိုင်)၁၆၃၂၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဇင်မျိုးအေး(ဘ)ဦးမျိုးဦး ၇/သကန(နိုင်) ၁၄၉၅၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ချောချော(ဘ)ဦးသိန်းနိုင် ၁၄/မမန(နိုင်) ၃၄၈၈၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ထင်ကျော်လင်း(ဘ)ဦးခင်မောင်သန့် ၁၂/ဥကတ(နိုင်)၁၃၄၀၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**

ဇင်မေလွင်(ဘ)ဦးမျိုးလွင် ၁၂/အစန(နိုင်) ၂၅၉၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၆၄၅၇၆၈၀၂

**ပျောက်ဆုံးကြောင်း**

မန်ကိမ်မှုန်(ဘ)ဦးဆာမန်း ၄/ဟခန(နိုင်) ၀၂၉၁၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၉၄၂၃၄၁၈

**ပျောက်ဆုံးကြောင်း**

မြင့်မြင့်စံ(ဘ)ဦးစိုးသန်း ၅/ကနန(နိုင်) ၁၁၅၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အမည်ပြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အ.ထ.က(၂)ကျောင်းမှ Grade-11 S 1 ,A မှ အဘ ဦးမင်းဇင်၏သမီး မနှင်းပွင့်ဖြူအား မယမင်းအေးဟုပြောင်းလဲခေါ်ဆိုပါရန်။

မယမင်းအေး၊ ၁၂/မဘန(နိုင်)၂၁၃၇၅၉

**ပျောက်ဆုံးကြောင်း**

မြကေသီအောင်(ဘ)ဦးအောင်မြင့် ၈/စလန(နိုင်)၂၂၂၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 791960)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၀၇၁၀၃၂

**အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၁၉/၄၇ ရပ်ကွက်၊ နှင်းပန်းလမ်း၊ အမှတ်(၈၇၇)နေထိုင်သူ ဒေါ်အေးမို့မို့ ၁၂/ရပသ(နိုင်)၀၉၆၄၈၆ သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ၆/၂၁ ရပ်ကွက်၊ ရောဝတီပတ်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ အမှတ်-၁၀၈၊ အလျား(၂၀)၊ အနံ(၆၀)အကျယ်အဝန်းရှိ ဒေါ်ညွန့်အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနှစ်ထပ်ခွဲတိုက်၏လက်ရှိပိုင်ရှင်ဖြစ်ပြီး အခြားမည်သူတစ်ဦးတစ်ယောက်ထံကိုမှ လွှဲပြောင်းရောင်းချပေါင်နှံထားခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မျိုးကေသီခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်(၁၉၃၆၂)**
**ဖုန်း-၀၉-၂၆၀၄၆၉၄၂၄**

**SHWE MYAING OO CONSTRUCTION CO.,LTD.**
**(ရွှေမြိုင်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမွဲခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမွဲခံယူခြင်းဆိုင်ရာ နည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ SHWE MYAING OO CONSTRUCTION CO.,LTD. အား ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၁)ရက်နေ့တွင်ကျင်းပခဲ့သောသာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ အစည်းအဝေးတွင် ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးကျော့မောင်(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအမှတ်စဉ်-၁၀၉၅၅၀)ခန့်အပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှပေးရန်နှင့်ရရန်ရှိသည်များကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၃၁)ရက်ထက်နောက်မကျဘဲ အထက်ဖော်ပြပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးကျော့မောင်**
**(လူမွဲခံယူခြင်းဆိုင်ရာကျွမ်းကျင်သူအမှတ်စဉ်-၁၀၉၅၅၀)**
**U Kyawt Mg & Associates Accountancy & Audit Firm**
**Ph No; 09-5176165**

# ရတနာပုံဝတ္ထု

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ခင်စိန်ကြည်လည်း ဆည်၍မရနိုင်အောင် ကျလျက်ရှိသော မျက်ရည်တို့ကို သိမ်းလျက်နေလျှင်–

"နင်ရေးတဲ့စာ ငါမမြင်ရရင် နင်က ဒီကောင်သက်ညွှန့်ကို ကြိုက်လို့ သက်သက်လိုက်သွားတယ်ထင်မှာပဲ၊ အခုတော့ နင်က နင့်လင်ဆိုးလို့တဲ့၊ ဘာဆိုးသလဲ ပြောစမ်း ဦးလေးကို"

"သူသိပါတယ် ဦးလေးရယ်"

"ဟဲ့ … သူမသိဘူး၊ ကမ္ဘာပေါ်မှာ ထွန်းမြတ်ထက် ဖြောင့်မတ်တည်ကြည်တဲ့အကောင် ရှိသေးသလား၊ သူ ငါ့လိမ်မပြောဘူး၊ ငါ ယုံတယ်၊ သူ့ ငါမေးတော့ သူက မျက်နှာကလေးငယ်ငယ်နဲ့ သူမသိရကြောင်း ပြောတော့ သူပြောတာမှန်ကြောင်း ငါ့အသက်တောင် ငါလောင်းဝံ့သေးရဲ့"ဟုပြောလျှင် ခင်စိန်ကြည်သည် ဦးလေး ဝတ်လုံတော်ရမင်း မေးသည်ကို မပြောဘဲမနေနိုင်သဖြင့် "ကိုထွန်းမြတ်ကို ဒီပြင်မိန်းမတစ်ယောက်နဲ့ မသင်္ကာလို့" ဟုပြောလျှင် … ဝတ်လုံကြီးလည်း ခင်စိန်ကြည်အား ပြုံးကြည့်၍ "ဟေ့ … ဘာပြောတယ်"

"ဒီပြင်မိန်းမတစ်ယောက်နဲ့ ကြိုက်နေတယ်ထင်လို့"

"ဒါလည်း ငါတွေးမိလို့ ဒီလိုများရှိခဲ့သလားလို့ သူ့ကိုမေးကြည့်တော့ နင်နဲ့အကြောင်းပါပြီးတဲ့နောက် ဒီပြင်မိန်းမတစ်ယောက်အပေါ်မှာ စိတ်နဲ့တောင် တစ်ကြိမ်တစ်ခါမျှ မပြစ်မှားမိပါဘူးတဲ့၊ ဒီလိုများ လူတိုင်းအာမခံနိုင်မယ်မှတ်လို့လား၊ အကွာကြီး တော်လည်းတော်ပါပေတယ်၊ ဒီတော့ ငါက ဘယ့်နှယ်ထင်သလဲ နင်ရေးတဲ့စာ အလကားစာ၊ အလကားရမယ်ရှာပြီးရေးတဲ့စာလို့ ငါထင်တာပေါ့၊ ထွန်းမြတ်ကိုလည်း ငါဒီလိုပြောတာပဲ၊ ပြီးတော့ ငါမေးကြည့်တယ်၊ တစ်အိမ်တည်းအတူတူနေကြပြီး ဘယ့်နှယ်ကြောင့် ဒီကောင်နဲ့ နင်နဲ့အကြောင်းမရိပ်မိရသလဲမေးတော့ သူ့မယားသူ အင်မတန်ယုံလွန်းလို့ တစ်ကြိမ်တစ်ခါမျှ မသင်္ကာတဲ့စိတ်မရှိရှာဘူးတဲ့၊ ဒီအကောင်မျိုး တစ်ကောင်မကဘူး၊ အကောင်တစ်ရာဝိုင်းနေစေဦးတော့ သူ့မယားသူယုံမှာပဲတဲ့၊ ဒီလိုလူမျိုးမှ နင်လုပ်မှ လုပ်ရက်ပလေတယ်ဟယ်" ဟု ပြောလျှင်–

ခင်စိန်ကြည်သည် ယူကျုံးမရဖြစ်၍ အသည်းနာလှသည်နှင့် ရင်ကိုလက်နှစ်ဖက်ဖြင့်ဖိလျက် ဦးခေါင်းငုံ့၍ထိုင်နေရာ "ဒီအကောင် အိမ်မှာရှိတုန်းက သူ့ခမျာလည်း အင်မတန်အလုပ်များနေရှာတယ်ဆိုပဲ၊ ရုံးကအမှုထက် ဒီပြင်အမှုတစ်ခုက သာပြီးအရေးကြီးနေလို့ နေ့ရောညရော ဂရုစိုက်ပြီးနေရလို့တဲ့၊ သူနဲ့ဆွေမျိုးတော်တဲ့ ရာဇဝတ်ဝန်ထောက်ဆိုလား ဘာဆိုလား အဲ … သူ့သားအတွက်ဆိုထင်ပါရဲ့၊ နင်တို့သွားမယ့်ညမှာလည်း အဲဒီကောင်ကလေးအတွက်ကြောင့် နင်နဲ့အတူမလိုက်ဘူးဆိုထင်ပါရဲ့၊ ဒီအတွက် နင်ကတောင် စိတ်ဆိုးသေးတယ်ဆို"

"ကိုထွန်းမြတ်နဲ့ မိမိရီနဲ့ စကားပြောနေတာ ကျွန်မက မော်တော်ကားပေါ်က အမြင်သားပဲ"

"နင် ဘာသိလို့လဲ၊ နင် အစက အထင်လွဲလို့ ဘာပဲမြင်မြင် ဒါထင်တာပဲ၊ နင်က အဲဒီညက အဲဒီကောင်ကလေးရောက်လာလို့ ဝန်ထောက်မရှိတုန်း မောင်နှမသုံးယောက် တိုင်ပင်နေကြသတဲ့၊ ထွန်းမြတ်က ဒီအကြောင်း ဘယ်သူ့မှမပြောဘူး၊ ငါ့တစ်ယောက်မှ အထင်မလွဲပါစေနဲ့တော့လို့ ဖွင့်ပြောရှာတာ၊ နင် ဒီလောက်ဉာဏ်မွဲမှန်း အစက ငါမသိဘူး၊ ဒီလိုမယုံကြည်စရာဖြစ်ရင်ကော နင် ဒီလိုလုပ်ဖို့တော်သလား၊ ဒါလည်းမဟုတ်သေးပါဘူး၊ ဟိုကောင်ပြောတာနဲ့ နင်ကလည်းပါသွားတာပါ" ဟု ပြောလျှင်–

ခင်စိန်ကြည်သည် မိမိအား ရိုက်နှက်ဘိသကဲ့သို့ နာကျင်လှသဖြင့် တွန့်လိမ်လျက် "ရှိခိုးပါရဲ့ဦးလေး တော်ပါတော့၊ မပြောပါနဲ့တော့ မထူးပါဘူး"

"ထွန်းမြတ်က နင့်အပေါ် အင်မတန်သစ္စာရှိပေတာ၊ ဒီလိုလူမျိုးများရ

> **"ဘယ့်နှယ် နင့်ဝမ်းနင်ရှာစားလို့ ဝနိုင်ပါမလဲ၊ ဒီအတွက် ငါလာတာ၊ နင်တို့နှစ်ယောက်အတွက် ငါ့တာဝန်ဖြစ်တယ်၊ တော်ပြီ၊ ထပ်မပြောနဲ့၊ နင့်အဖေရှိရင် နင့်ကို ပစ်ထားမလား၊ ငါ နင့်အဖေကိုယ်စားဖြစ်တယ်၊ သူလုပ်သလို ငါလုပ်ဖို့ဝတ္တရားရှိတယ်" ဟုပြောလျှင် ခင်စိန်ကြည်သည် ဖခင်အကြောင်းကိုပြောသဖြင့် မျက်ရည်ကျလျက် …**

တဲ့မိန်းမများ ညတိုင်းရှိခိုးနေဖို့ကောင်းတယ်၊ အင်မတန်ကောင်းတဲ့ ကြီးရင့်တဲ့ မြင့်မြတ်တဲ့စိတ်သဘောပါပေတယ်၊ ငါတို့မြန်မာထဲမှာ ဒီလိုလူမျိုးများများရှိလျှင် တို့အမျိုးကြီးပွားမယ်၊ ငါဖြင့် သူ့ကိုတွေးမိလေ ချီးမွမ်းလေပဲ၊ သူကတရားစွဲရင် ဟိုကောင် ဘာဖြစ်မယ် နင်သိသလား၊ ဟင် … ဒါတောင် သူတရားမစွဲဘူး၊ ဟိုအကောင်ထောင်ကျလို့ သူ့မိန်းမ ပြန်ကောင်းမှာမဟုတ်ဘူးတဲ့"

"တော်ပါတော့ ဦးလေးရယ်၊ ကျွန်မမိုက်မိပါတယ်၊ ရှူးမိပါတယ်၊ ကျွန်မမိုက်တဲ့အတွက် တစ်သက်လုံး ဒုက္ခတွေ့လို့ဆုံးနိုင်မယ်မဟုတ်ပါဘူး ဦးလေးရယ်၊ ကျွန်မဒုက္ခနဲ့ကျွန်မရှိပါစေတော့"

"နင် ဘယ်မှာနေမယ်စိတ်ကူးသလဲ"

"အခုတော့ မပြောတတ်သေးပါဘူး ဦးလေးရယ်၊ ကျွန်မ မာမာချင်း ဒီရွာကတော့ ပြောင်းရမှာပဲ"

"အခု နင့်ကို ဘယ်သူက ထမင်းချက်ကျွေးသလဲ"

"မိန်းမကြီးတစ်ယောက်ငှားထားရတယ်၊ ကျွန်မက မကျန်းမာသေးလို့ပါ၊ ကျန်းမာလို့ ကလေးလမ်းလျှောက်နိုင်တော့ မငှားပါဘူး" ဟု အစေခံတစ်ယောက်ထားသည်ကိုပင် ဦးလေးက အပြစ်တင်မည်ထင်၍ပြောလျှင် ဝတ်လုံကြီးလည်း ကလေးရှိရာဘက်သို့ကျောခိုင်းလျက် ထိုင်နေသည်ဖြစ်သောကြောင့် ကလေးကို မမြင်သေးဘဲရှိရာ ခင်စိန်ကြည်ပြောသောအခါမှ ကလေးရှိကြောင်းကို သိရလျှင်–

"အလို ကလေးရှိတယ်ဟုတ်လား ခင်စိန်ကြည်"ဟု မေးရာ–ခင်စိန်ကြည်သည် ဘာမျှပြန်မပြောဘဲရှိလျှင် ဝတ်လုံကြီးသည် ထိုင်ရာမှထ၍ လက်ကိုနောက်သို့ပစ်ပြီးလျှင် စင်္ကြံလျှောက်လျက် "တယ်ရိုင်းတဲ့အကောင်၊ ဆိုးတဲ့အကောင်"စသည်ဖြင့် ရွတ်လျက်နေလေ၏။

ဤသို့ ၅ မိနစ်ခန့် တစ်ယောက်တည်းလမ်းလျှောက်၍နေရာမှ ရုတ်တရက် ခင်စိန်ကြည်ဘက်သို့လှည့်၍ "နင်နဲ့ ကလေးနဲ့ နှစ်ယောက် တစ်လဘယ်လောက်ရရင် လောက်မလဲ" ဟု မေးလျှင်–

"မယူပါရစေနဲ့ ဦးလေးရယ်၊ ကျွန်မဟာ ကျွန်မ ရှာစားပါ့မယ်"

"ဘယ့်နှယ် နင့်ဝမ်း နင်ရှာစားလို့ ဝနိုင်ပါမလဲ၊ ဒီအတွက် ငါလာတာ၊ နင်တို့နှစ်ယောက်အတွက် ငါ့တာဝန်ဖြစ်တယ်၊ တော်ပြီ၊ ထပ်မပြောနဲ့၊ နင့်အဖေရှိရင် နင့်ကိုပစ်ထားမလား၊ ငါ နင့်အဖေကိုယ်စားဖြစ်တယ်၊ သူလုပ်သလို ငါလုပ်ဖို့ဝတ္တရားရှိတယ်" ဟု ပြောလျှင် ခင်စိန်ကြည်သည် ဖခင်အကြောင်းကို ပြောသဖြင့် မျက်ရည်ကျလျက် "ဆရာမ လုပ်ရရင် နှစ်ယောက်အတွက် စားလောက်အောင် ရလိမ့်မယ် ကျွန်မထင်တာပဲ"

"ဘယ်လောက်ရမယ်ထင်သလဲ"

"များများတော့ မဟုတ်ပါဘူးပေါ့ ဦးလေးရယ်၊ တစ်လ ၃၊ ၄ ဆယ်ပေါ့"

"အင်း . . . တယ်နေရာကျပါကလား၊ တော်ပါ တစ်လ ၅၀ ငါမှန်မှန်ပို့ပေးမယ်"

"မလုပ်ပါနဲ့ ဦးလေးရယ်၊ ကျွန်မဟာ ကြည့်ရှုထိုက်တဲ့မိန်းကလေး မဟုတ်ပါဘူး၊ မလုပ်ပါနဲ့၊ မယူပါရစေနဲ့"

"တော်ပြီ တော်ပြီ၊ ငါ ဒီအတွက်လာတာ အဖကိုယ်စား ဝတ္တရားနဲ့ ညီအောင် ငါပြုရမယ်၊ လဆန်းတစ်ရက်နေ့တိုင်း ငွေ ၅၀ မှန်မှန် ပို့လိုက်မယ်"

"ဒါဖြင့် တစ်ဝက်တော်ပါပြီ ဦးလေးရယ်၊ ၂၅ ကျပ်ဆိုရင် ကျွန်မတို့ နှစ်ယောက်လောက်ပါပြီ"

"တော်ပြီ ငါပြောပြီးပြီ၊ တစ်လ ၅၀ လဆန်းတစ်ရက်နေ့တိုင်း ငါပို့ရမယ်၊ ရော့ ဟောဒီဟာက အလွယ်" ဟုဆို၍ ၁၀ တန်စက္ကူ ၅ ချပ်ကိုပေးလေလျှင် ခင်စိန်ကြည်လည်း မိမိသည် သူတစ်ပါး၏ စောင်မကြည့်ရှုခြင်းကို မခံထိုက်သောမိန်းမတစ်ယောက်ဖြစ်သည်ဟု အောက်မေ့၍ "တော်ပါပြီ ဦးလေးရယ်၊ ကျွန်မမှာရှိပါသေးတယ်၊ မယူပါရစေနဲ့"

"စကားမများနဲ့ ယူလိုက်၊ ဒီဟာ များတာမဟုတ်ဘူး၊ ဒါနဲ့ စားနှင့်ရအောင်၊ အကြွေးများပေးစရာရှိသလား"

"မရှိပါဘူး ဦးလေးရယ် "

" အေး…အကြွေးမတင်စေနဲ့ ငါ့ဆီ တစ်ခါတစ်ခါစာရေးနော် "

**ဆက်လက်ဖော်ပြပါမည်။**

## (၂၇)ကြိမ်မြောက် ဂျပန်ဘာသာစကားပြောပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၆

(၂၇)ကြိမ်မြောက် ဂျပန်ဘာသာသာစကားပြောပြိုင်ပွဲကို အောက်တိုဘာလ ၃၁ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း မြန်မာနိုင်ငံဂျပန်ပြန်ပညာသင်ဟောင်းအသင်း(MAJA)မှ သိရသည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် အသက် ၁၆ နှစ်မှ ၃၀ နှစ်အတွင်း ရှိပြီး မြန်မာနိုင်ငံအတွင်းနေထိုင်သည့် မြန်မာနိုင်ငံသားဖြစ်ရမည်ဖြစ်သည်။ ဂျပန်ဘာသာစကားသင်ကြားနေသော ဆရာ၊ ဆရာမများ (အချိန်ပိုင်းနှင့်လုပ်အားပေးသူများမပါ)၊ ယခင်ကျင်းပခဲ့ဖူးသော ဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် ဆုရရှိဖူးသူများနှင့် ဂျပန်နိုင်ငံ၌ ခြောက်လနှင့်အထက် နေထိုင်ဖူးသူများ ယှဉ်ပြိုင်ခွင့်မပြုကြောင်း သိရသည်။

ဆုရရှိသူများအား ဆုလက်ဆောင်များ ချီးမြှင့်ပေးမည်ဖြစ်ပြီး ပထမဆုရရှိသူသည် ဂျပန်နိုင်ငံ၌ကျင်းပမည့် အပြည်ပြည်ဆိုင်ရာဂျပန်ဘာသာစကားပြောပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ဂျပန်ဘာသာလေ့လာလိုစိတ်ပိုမိုထက်သန်လာစေရန်နှင့် ဂျပန်ဘာသာလေ့လာနေသူများက မိမိ၏အယူအဆများကို ဂျပန်ဘာသာဖြင့် ရေးသားဖော်ပြခြင်းဖြင့် ဂျပန်ဘာသာအရည်အချင်းပိုမိုတိုးတက်လာစေရန်ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး စာမူများသည် လျှောက်ထားသူ၏ကိုယ်ပိုင်ဉာဏ်ဖြင့် ရေးသားထားသောစာမူများဖြစ်ရမည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်တင်

## အသေးစားကုန်ထုတ်လုပ်ငန်းရှင်များပေါ်ထွန်းလာစေရေး လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ညောင်ဦး ဩဂုတ် ၂၆



မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းကို ညောင်ဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဩဂုတ်လ ၂၅ ရက်က ဖွင့်လှစ်သည်။

ရှေးဦးစွာ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဇေယျာလင်းက အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာချိုက ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးတင်မျိုးခိုင်က ဈေးကွက်ဆိုင်ရာသိကောင်းစရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စိုးစိုးအေးက သင်တန်းသုံးသင်ထောက်ကူပစ္စည်းများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း သင်တန်းသား၊ သင်တန်းသူများထံ ပေးအပ်ကြကြောင်း သိရသည်။

ဒီပါလင်း

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား လက်ခံတွေ့ဆုံ

**မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြား ဆက်ဆံရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအပြင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဖော်ဆောင်ရေးအခြေအနေများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေး**

နေပြည်တော် ဩဂုတ် ၂၆

ဒုတိယသမ္မတ ဦးညိုစောသည် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်လပ်ပြီးတရားမျှတသည့် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပ စာမျက်နှာ ၆ ကော်လံ ၁ ▲



ဒုတိယသမ္မတ ဦးညိုစော မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Maziad Mohammed Maziad M. Alhowishan အား လက်ခံ တွေ့ဆုံစဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၆-၈-၂၀၂၆

| | |
|---|---|
| မုဒုံ | ၅ ဒသမ ၅၅ လက်မ |
| ထားဝယ် | ၅ ဒသမ ၁၂ လက်မ |
| ကျိုက်မရော | ၄ ဒသမ ၂၁ လက်မ |
| ဟိုင်းကြီးကျွန်း | ၄ ဒသမ ၀၉ လက်မ |
| လှည်းကူး | ၄ ဒသမ ၀၂ လက်မ |
| လပွတ္တာ | ၃ ဒသမ ၈၉ လက်မ |
| ဘီးလင်း | ၃ ဒသမ ၈၂ လက်မ |
| ချောင်းဆုံ | ၃ ဒသမ ၆၂ လက်မ |
| ရေး | ၃ ဒသမ ၅၈ လက်မ |

# တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး)နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲများတွင် မွန်ပြည်နယ်အသင်းက ပထမရွှေတံဆိပ်ဆုများဆွတ်ခူးရရှိ



နေပြည်တော် ဩဂုတ် ၂၆

မျိုးဆက်သစ်ပိုက်ကျော်ခြင်းအားကစားသမားများ ပေါ်ထွက်လာစေရန်နှင့် ပိုက်ကျော်ခြင်း အားကစားအဆင့်အတန်း ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ စာမျက်နှာ ၂၆ ကော်လံ ၃ ▼



# နှစ်ကျော့ပေါင်းရလဒ်ဖြင့် ဗီယက်နမ်အသင်း အာဆီယံ Hyundai Cup ချန်ပီယံဆုဆွတ်ခူး

ရန်ကုန် ဩဂုတ် ၂၆

အာဆီယံ Hyundai Cup ဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ယနေ့ည ၇ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားခဲ့ရာ အိမ်ရှင် ဗီယက်နမ်အသင်းနှင့် ထိုင်းအသင်းတို့ တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့ပြီး ဗီယက်နမ်အသင်းက နှစ်ကျော့ပေါင်းရလဒ် ၄ ဂိုး ၂ ဂိုးဖြင့် အနိုင်ရရှိကာ အာဆီယံ Hyundai Cup ချန်ပီယံဆုဖလားကို ဆွတ်ခူးသွားခဲ့သည်။

ပွဲစဉ်အတွင်း ထိုင်းအသင်းအတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ယော့ဆာကွန်းဘူရဖာနှင့် ၈၅ မိနစ်တွင် ဝမ်ချိုင်တို့က သွင်းယူပေးခဲ့သည်။

စာမျက်နှာ ၂၆ ကော်လံ ၃ ●

## နိုင်ငံတကာသတင်း

စာ – ၂၅ သို့

**နီပေါနဲ့တရုတ်နယ်စပ်မှာ ရုတ်တရက်ရေကြီးမှုကြောင့် လူ ၁၀၀ ကျော်သေဆုံး**

---

**သိပ္ပံပညာရှင်များက ပလတ်စတစ်ဘူးများကို ပရိုတင်းပြည့်ဝတဲ့ကွတ်ကီးများအဖြစ်ပြောင်းလဲ**

---

**ပါကစ္စတန်၌ဆေးရုံမီးလောင် ကလေး ၁၄ ဦး သေဆုံး**

# MFF ယူ-၁၉ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် PACIFIC SUN FAR၊ YCDC DREAM TEAM နှင့် JV အသင်းတို့ သုံးပွဲဆက်နိုင်ပွဲရရှိ

ရန်ကုန် ဩဂုတ် ၂၆

အားကစားရေးရာဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီမှ ကျင်းပသည့် MFF ယူ–၁၉ ဖူဆယ်လိဂ် ပြိုင်ပွဲ ပွဲစဉ်(၉)ပြိုင်ပွဲများကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ MFF Futsal Stadium ၌ စာမျက်နှာ ၂၃ ကော်လံ ၄ ➤



# မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၂၆

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ တရုတ်နိုင်ငံ ကွမ်ရှီးပြည်နယ်တောင်ပိုင်း ကမ်းရိုးတန်းဒေသများကို စတင်ဖြတ်ကျော်လျက်ရှိသော အပူပိုင်းမုန်တိုင်း "နာရာ"(NARRA) မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ စာမျက်နှာ ၂၃ ကော်လံ ၄ ❒